# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်( ၂၉၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

### မန္တလေးတိုင်းဒေသကြီးတွင် ဖြေဆိုအောင်မြင်သူ ၁၆၇၆၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၉ ဒသမ ၆၂ ရာခိုင်နှုန်းရှိ

**မန္တလေး ဇူလိုင် ၂၇**

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီး ဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့တွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း အပြီးထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၃၃၇၉၁ ဦး ရှိသည့်အနက် အောင်မြင်သူ ၁၆၇၆၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၉ ဒသမ ၆၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❐

## ယနေ့ ဖတ်စရာ



**အောင်ပွဲနှင့်အတူ မျှော်နေမည်**

ဆောင်းပါး စာ ၆

**နောင်ချိုမြို့ အခြေခံပညာ အလယ်တန်းကျောင်းခွဲ (လောက်ဖန်း)၌ ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်**

ပြည်တွင်းသတင်း စာ ၁၀

**ဂါဇာဒေသတွင် အစ္စရေးက ပစ်ခတ်တိုက်ခိုက်မှုများ ယာယီရပ်နားမည်**

နိုင်ငံတကာသတင်း စာ ၁၄

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၇ - ၇ - ၂၀၂၅

| | | | |
|---|---|---|---|
| ဘားအံမြို့ | ၉ ဒသမ ၄၈ လက်မ | ခန္တီးမြို့ | ၄ ဒသမ ၂၅ လက်မ |
| ပေါင်မြို့ | ၇ ဒသမ ၀၈ လက်မ | ကော့ကရိတ်မြို့ | ၄ ဒသမ ၁၄ လက်မ |
| သထုံမြို့ | ၆ ဒသမ ၈၁ လက်မ | ကျိုက္ခမီမြို့ | ၄ ဒသမ ၀၉ လက်မ |
| မိုးညှင်းမြို့ | ၄ ဒသမ ၃၇ လက်မ | ရေးမြို့ | ၄ ဒသမ ၀၁ လက်မ |

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ဇူလိုင် ၂၈ ရက်၌ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ဇူလိုင် ၂၈ ရက်၌ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးပိုနေမည်။ မိုး/ဇလ

မြန်မာ့အလင်း

# ပညာတတ်နိုင်ငံသူ၊ နိုင်ငံသားများ အများအပြားပေါ်ထွန်းလာရေး

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်းအပြီး ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ပြီး ယခုနှစ်အတွက် အောင်ချက်ရာခိုင်နှုန်းမှာ ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းဖြစ်သည်ဟု သိရသည်။ ထုတ်ပြန်ကြေညာလိုက်သည့် အောင်စာရင်းသည် ပြီးခဲ့သည့် မတ်လတွင် ပုံမှန်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေး ငလျင်ကြီးဘေးဒဏ်ခံခဲ့ရသော တိုင်းဒေသကြီးနှင့်ပြည်နယ်များ အတွက် ပြီးခဲ့သည့်ဇွန်လတွင် ပြန်လည်ကျင်းပပေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတို့မှ အောင်စာရင်းများပါ တစ်ပြိုင်တည်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၇၈၉၈ ဦး ရှိသည့်အနက် ၉၉၉၂၄ ဦး အောင်မြင်ခဲ့ခြင်းဖြစ်ရာ ကျောင်းသား ကျောင်းသူ တစ်သိန်းနီးနီးတို့မှာ တက္ကသိုလ်အသီးသီးတွင် တက်ရောက်၍ အဆင့်မြင့်ပညာသင်ယူ၍ ပညာရေးခရီးဆုံးအထိ ဆက်လက်လျှောက်လှမ်းကြမည်ဟု မျှော်လင့်မိသည်။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ တစ်နိုင်ငံလုံးတွင် စုစုပေါင်း ၁၂၈၈၂၀ ဦး ရှိခဲ့ပြီး ၇၄၅၉၂ ဦး အောင်မြင်ခဲ့ရာ အောင်ချက်ရာခိုင်နှုန်း ၅၇ ဒသမ ၉ ရာခိုင်နှုန်းဖြစ်သည်။ ယခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်း လျော့နည်းသွားခဲ့သော်လည်း ဝင်ရောက်ဖြေဆိုသူဦးရေနှင့် အောင်မြင်သူဦးရေတို့မှာ ၂၀၂၄ ခုနှစ်ကထက် ပိုမိုများပြားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော် ရှိသည့်အနက် လူသုံးသန်းခန့်သည်သာ ဘွဲ့ရသူများဖြစ်ကြသည်။ ဘွဲ့ရနှင့် နည်းပညာ၊ သက်မွေးပညာသင်တန်းကျောင်း၊ ဒီပလိုမာရသူများ အားလုံးပေါင်းပါမှ နိုင်ငံ့လူဦးရေ၏ ၁၃ ရာခိုင်နှုန်းသာရှိသည်။ ကျောင်းသားအများစုမှာ မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြခြင်းကြောင့် နိုင်ငံ့အနာဂတ်အတွက် လူ့စွမ်းအားအရင်း အမြစ်အခြေအနေမှာ စိုးရိမ်ဖွယ်ရာပင်ဖြစ်သည်။ ပညာသင်ကြားမှု များ ပြီးဆုံးသည့်အရွယ်ဖြစ်သော အသက် ၂၅ နှစ်အထက် လူဦးရေ ၂၅ ဒသမ ၁၇ သန်းခန့်တွင် မူလတန်းနှင့် အလယ်တန်း ပညာရေးအဆင့်သာရှိသူ ၇၀ ရာခိုင်နှုန်းခန့်ရှိနေရာ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီးသူများအားလုံး အဆင့်မြင့်ပညာရေးကို မဖြစ်မနေပြီးမြောက်အောင် ဆက်လက်ကြိုးစားသင်ယူကြရန် လိုသည်။

“အဆင့်မြင့်ပညာရပ်များကို သင်ယူခြင်းသည် ဘွဲ့အဆင့် အတန်းတစ်ခု ရရှိရန်အတွက်သာမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး ဘက်စုံအသိဉာဏ်ကြွယ်ဝ သည့် နိုင်ငံသားများ ပေါ်ပေါက်စေကြောင်း၊ အရည်အသွေးရှိသည့် အဆင့်မြင့်ပညာရပ်များကို နှံ့စပ်စွာ တတ်မြောက်ထားသည့် ဘွဲ့ရပညာတတ်များစွာ ပေါ်ထွက်လာမှသာ နိုင်ငံအတွက် ပိုမို အကျိုးရှိနိုင်မည်ဖြစ်ကြောင်း။” မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနား မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထည့်သွင်းပြောကြားခဲ့ရာ အဆင့်မြင့်ပညာများကို ထူးထူးချွန်ချွန် ထွန်းထွန်းပေါက်ပေါက် ပြီးမြောက်သည်အထိ သင်ယူခြင်းဖြင့် မိမိအတွက်ရော နိုင်ငံ အတွက်ပါ အကျိုးဖြစ်ထွန်းနိုင်သည်ကို သတိမူကြရန်ပင် ဖြစ်သည်။

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုမြင့်မားသည့် နိုင်ငံများသည် ပညာတတ်နိုင်ငံသားများ အမြောက်အမြားရှိနေသည့် နိုင်ငံများ ပင်ဖြစ်သည်မှာ ထင်ရှားသည်။ နှစ်စဉ်တက္ကသိုလ်ဝင်တန်း အောင်မြင်လာသည့် ကျောင်းသား ကျောင်းသူတိုင်း တက္ကသိုလ် ပညာရေးကို မပျက်မကွက်သင်ယူကာ နိုင်ငံတွင် ပညာတတ် အမြောက်အမြားပေါ်ထွန်းလာရေး၊ အမျိုးသားပညာရေးအဆင့် အတန်းမြင့်မားလာရေးအတွက် တစ်မျိုးသားလုံးက ပါဝင်ဆောင် ရွက်ကြရပါမည့်အကြောင်း။ ။



## ၂၇ - ၇ - ၂၀၂၅ ရက်နေ့ ခာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ခာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၂၇

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူ စားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူ တင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၁၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈ - ၇ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၄၅ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၅ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၀ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၃၅ |
| 95 Ron | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၀၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၀ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၀ | ၂၇၈၀ | - | ၃၀၇၀ | ၂၇၉၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၀ | ၂၈၅၅ | ၃၁၀၀ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၆ | ၂၈၅၅ |
| 95 Ron | ၂၈၂၁ | ၂၉၁၁ |
| HSD (500 ppm) | ၂၅၄၈ | ၂၆၃၈ |
| HSD (50 ppm) | ၃၁၇၆ | ၃၂၆၉ |
| HSD (10 ppm) | ၃၁၇၆ | ၃၂၆၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းများ | - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမှ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမှ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မန္တလေးမြို့၌ကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေး



**မန္တလေး ဇူလိုင် ၂၇**

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ Y – Mandalay Hotel ၌ ကျင်းပရာ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေး ပြောကြားသည်။**(ယာပုံ)**

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ လူငယ်များ၊ မန္တလေးမြို့ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၄၀၀ ခန့် တက်ရောက်ကြသည်။

### သီဆိုကပြဖျော်ဖြေ

ဦးစွာ မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက "မင်္ဂလာပါ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လုပ်သည့် " ပြင်းထန်တဲ့ မြေငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမယ့် ပိုမိုကောင်းမွန်တဲ့အနာဂတ်" နှင့် " အနာဂတ်ကို ပိုင်စိုးသူ လူငယ်များ" Video Clip နှစ်ခုကို ဖွင့်လှစ်ပြသသည်။

### ဝိုင်းဝန်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးရာတွင် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးအတွက် အခြေခံဖြစ်သော နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတွင် မန္တလေးမြို့အနေဖြင့် မူလအနေအထားအတိုင်း ပြန်လည်ရရှိနေပြီဖြစ်၍ နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ သဒ္ဓါတရားထက်သန်သည့် မြန်မာလူမျိုးများ ဖြစ်သည့်အတိုင်း အားနည်းသူကို ဝိုင်းကူသည့်ပုံစံဖြင့် စာနာဖေးမမှုများဖြင့် ရိုင်းပင်းကူညီဆောင်ရွက်ကြရန်၊ အနာဂတ်မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အထူးသဖြင့် ရွေးကောက်ပွဲကျင်းပရေး စီမံဆောင်ရွက်နေမှုများတွင် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန်၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး တစ်နည်းအားဖြင့် စစ်မှန်သည့် ဒီမိုကရေစီစနစ် ထွန်းကားပေါ်ပေါက်လာစေရေးအတွက် ပြည်သူတစ်ရပ်လုံးက အသိပညာရှိမှု၊ စည်းကမ်းနားလည်လိုက်နာမှု၊ စာနာမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုတို့နှင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

### လွှဲပြောင်းပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွက် MRTV DTH အစုံ ၅၀ နှင့် MRTV DVB T-2 Set Top Box အလုံး ၁၅၀ တို့ကို လွှဲပြောင်းပေးအပ်ရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးက လက်ခံရယူသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လူငယ်များ၊ ကျောင်းသား ကျောင်းသူများအတွက် MRTV DTH အစုံ ၂၀ နှင့် MRTV DVB T-2 Set Top Box အလုံး ၄၀ တို့အား ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ယင်းနောက် မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "အောင်မြင်ပါစေ မြန်မာပြည်" တေးသီချင်းဖြင့် သီဆိုကပြပြီးနောက် ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အနုပညာဇဟိုဌာန (Myanmar Arts Center)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်တွင် Myanmar Land & Development Limited ဆောက်လုပ်ရေးကုမ္ပဏီမှ Project Director ဒေါ်ယုယုနိုင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အနုပညာဇဟိုဌာန(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းကို Myanmar Land & Development Limited က ၂၀၂၅ခုနှစ် မတ်လမှစတင်၍ ဆောင်ရွက်ခဲ့ရာ အဆောက်အအုံနှင့် ဆောက်လုပ်ရေးဧရိယာအတွင်း ချုံနွယ်များရှင်းလင်းရေး အပါအဝင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆောက်အအုံသံတိုင်များ သန့်ရှင်းရေးပြုလုပ်ပြီး ဆီဆေးသုတ်ခြင်း၊ အဆောက်အအုံသုံးထပ်တွင် ကြမ်းခင်းများပြုပြင်ခြင်း၊ RC Wall များတွင် အက်ကြောင်းများပြုပြင်၍ အချောကိုင်ခြင်း၊ ခြံစည်းရိုးအုတ်တံတိုင်း အရှည် ပေ ၂၀၇၀ ဆောက်လုပ်ခြင်း၊ ဂါလန် ၃၀၀၀၀ ဆံ့ မြေအောက်ရေကန်နှစ်လုံး တည်ဆောက်ခြင်း၊ ရှစ်လက်မမြေအောက်ရေတွင်းနှစ်ခု တူးဖော်ခြင်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုအခါ ၁၂၅၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၃၃ ကေဗွီလိုင်း သွယ်တန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

### လိုက်လံကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။ **သတင်းစဉ်**

## ပန်းတောင်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ နယ်လှည့်ကွင်းဆင်းအခမဲ့ဆေးကုသပေး



**ပန်းတောင်း ဇူလိုင် ၂၇**

ပန်းတောင်းမြို့နယ်၌ ပြည်မြို့ ခုတင်(၅၀၀) အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ယနေ့နံနက်ပိုင်းမှစတင်ကာ ဥသျှစ်ပင်တိုက်နယ်ဆေးရုံ၌အခြေပြု၍ ဒေသခံပြည်သူများအား နယ်လှည့်ကွင်းဆင်း အခမဲ့ဆေးကုသပေးသည်။**(ဝဲပုံ)**

ထိုသို့ကုသပေးရာတွင် အထွေထွေရောဂါအထူးကု၊ ခွဲစိတ်ရောဂါအထူးကု၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု၊ မျက်စိအထူးကု၊ သွားနှင့်ခံတွင်းအထူးကု၊ အထူးကုဆရာဝန်(ဓာတ်မှန်) ဆရာဝန်ကြီးများက အထွေထွေလူနာ ၁၃၇ ဦး၊ ခွဲစိတ်လူနာ ၁၇ ဦး၊ သားဖွားမီးယပ်ရောဂါလူနာ ၁၂ ဦး၊ မျက်စိရောဂါလူနာ ၈၈ ဦး၊ ကလေးလူနာ ၁၂ ဦး၊ သွားရောဂါလူနာ ၁၆ ဦး၊ တီဘီဓာတ်မှန်ရိုက်လူနာ ၄၀ စုစုပေါင်းလူနာ ၃၂၂ ဦးအား အခမဲ့ကုသပေးနိုင်ခဲ့ကြောင်း မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်စိုးထံမှ သိရသည်။

အဆိုပါ နယ်လှည့်ကွင်းဆင်းဆေးကုသပေးခြင်းများကို ပြည်မြို့ ခုတင်(၅၀၀) ဆေးရုံအုပ်ကြီး၊ ဗိုလ်မှူးကြီး တင်မောင်ချို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင် ဗိုလ်မှူးဖြိုးသူစိုး၊ မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၁၉၃၆၆ ဦးရှိ





ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်



အမှတ်(၆) အထက်တန်းကျောင်းအုပ်ဒေါ်သင်းသင်းအောင်

**ရန်ကုန် ဇူလိုင် ၂၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ သက်ဆိုင်ရာ စာစစ်ဌာနများ၌ တစ်ပြိုင်တည်း ထုတ်ပြန်ကြေညာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၃၇၄၆၇ ဦး ဖြေဆိုရာတွင် ၁၉၃၆၆ ဦး အောင်မြင်ခဲ့၍ အောင်မြင်မှုရာခိုင်နှုန်း ၅၁ ဒသမ ၆၉ ရာခိုင်နှုန်း ရှိခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၉၁ ခု၌ တက္ကသိုလ်ဝင် အောင်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုခဲ့ကြသည်။

"ဒီနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ၅၁ ဒသမ ၆၉ ရာခိုင်နှုန်းရရှိထားတာကြောင့် တစ်နိုင်ငံလုံးအနေနဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ မွန်ပြည်နယ်က ၅၇ ဒသမ ၁၆ ရာခိုင်နှုန်းနဲ့ တစ်နိုင်ငံလုံးမှာ အောင်ချက်ပထမ ဖြစ်ပါတယ်။ အခုလို အောင်မြင်မှုရရှိအောင် အဘက်ဘက်က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သူတွေအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်က ပြောသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသားကျောင်းသူ ၃၇၄၆၇ ဦး ဖြေဆိုခဲ့ပြီး ယခင်နှစ်က အောင်မြင်သူမရှိခဲ့သော ကိုကိုးကျွန်းစာစစ်ဌာန၌ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၁၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၂ ဦး အောင်မြင်မှုရှိခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ရလဒ်ကောင်းများ ဆက်လက်ပိုင်ဆိုင်ရရှိနိုင်စေရန် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်ကူညီမှုနှင့်အတူ သက်ဆိုင်ရာ ခရိုင်/မြို့နယ် ကျောင်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျောင်းနေနှုန်းမြင့်မားရေး၊ ကျောင်းထွက်နှုန်း ကျဆင်းရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ကောင်းမွန်ရေး စသည့် စံနှုန်းများ ဆက်လက်အောင်မြင်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးမှူးက ပြောကြားသည်။

"ဗိုလ်တထောင် မြို့နယ်မှာ တက္ကသိုလ်ဝင်စာမေးပွဲ ၄၆၂ ဦး ဖြေဆိုရာမှာ ၂၈၅ ဦး အောင်မြင်ပြီး ဂုဏ်ထူးရှင် ၆၀ ထွက်ပေါ်ခဲ့ပါတယ်။ ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး ထွက်ပေါ်ခဲ့ပြီး ၆၁ ဒသမ ၆၉ ရာခိုင်နှုန်း အောင်မြင်ခဲ့တာကြောင့် အားလုံးနဲ့ထပ်တူဝမ်းသာ ဂုဏ်ယူပါတယ်"ဟု ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမ ဒေါ်သင်းသင်းအောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းမတော်မြို့နယ်တွင် ကျောင်းသား ကျောင်းသူ ၄၇၀ ဖြေဆိုရာ၌ ၃၆၅ ဦး အောင်မြင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်း ၇၇ ဒသမ ၆၆ ရာခိုင်နှုန်းရရှိခဲ့၍ အောင်ချက်အများဆုံး မြို့နယ်အဖြစ်လည်းကောင်း၊ ကမာရွတ်မြို့နယ်တွင် ၈၂၀ ဖြေဆိုရာ၌ ၆၃၃ ဦး အောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၇၇ ဒသမ ၂၀ ရာခိုင်နှုန်းရရှိခဲ့၍ အောင်ချက် ဒုတိယအများဆုံး မြို့နယ်အဖြစ်လည်းကောင်း၊ ဒဂုံမြို့နယ်တွင် ၄၂၃ ဦး ဖြေဆိုရာ၌ ၃၀၈ ဦး အောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၇၂ ဒသမ ၈၁ ရာခိုင်နှုန်းရရှိခဲ့ရာ အောင်ချက် တတိယအများဆုံးမြို့နယ်အဖြစ်လည်းကောင်း ရပ်တည်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုကဲ့သို့ အောင်ချက်မြင့်မားလာရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် Grate–12 ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် မွမ်းမံသင်တန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ–ကနူး**



ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုး



မအေးချမ်းပြည့်



မောင်ဟိန်းမင်းကို



မနန်းရတီထွန်း



မနှင်းအိန္ဒြာ



မကြည်နူးမေ

❒ *ရွှေဖုံးမှ*

ယနေ့နံနက် ၆ နာရီမှစတင်၍ မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သော ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြပြီး တာဝန်ကျဆရာ ဆရာမများကလည်း စည်းကမ်းတကျဖြင့် စနစ်တကျ ကြည့်ရှုနိုင်စေရေး ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက "ကျွန်တော်တို့ကျောင်းအနေနဲ့ ဒီနှစ်အောင်ချက်က မနှစ်ကထက် ကောင်းမွန်ပါတယ်။ မန္တလေးမြို့မှာ သဘာဝဘေးအန္တရာယ်နဲ့ကြုံတွေ့ပြီး ဒုတိယအကြိမ် ပြန်လည်ဖြေဆိုတော့ ခြောက်ဘာသာဂုဏ်ထူး၊ ငါးဘာသာနဲ့ လေးဘာသာဂုဏ်ထူးတွေလည်း ထွက်ရှိပါတယ်။ ဒီနှစ်ကတော့ ကျန်တဲ့နှစ်တွေထက်ကို နှစ်ဆလောက် ပိုပြီးဂုဏ်ယူရတဲ့ နှစ်တစ်နှစ်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းမှာ Grade – 12 ကျောင်းသား ၁၁၂ ယောက် ရှိပါတယ်။ ဒီ ၁၁၂ ယောက်မှာ ၅၇ ရာခိုင်နှုန်း အောင်ပါတယ်။ စာမေးပွဲကို ပျက်ကွက်မရှိ ပြန်လည်ဖြေဆိုကြပြီး ဒီလိုရာခိုင်နှုန်းရရှိတဲ့အတွက် အင်မတန်ကျေနပ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ အစိုးရကျောင်း၊ ပုဂ္ဂလိကကျောင်းနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စသည်ဖြင့် ဘယ်ကျောင်းကပဲ အောင်မြင်ပါစေ အရေးကြီးတာက နိုင်ငံတော်ကို အကျိုးပြုမယ့် ကျောင်းသား ကျောင်းသူတွေဖြစ်ဖို့လိုအပ်ပါတယ်။ ဒီနေ့ကတော့ အားလုံးအတွက် မင်္ဂလာရှိတဲ့ နေ့လေးတစ်နေ့ဖြစ်တယ်လို့ ပြောကြားလိုပါတယ်"ဟု ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မအေးချမ်းပြည့်က "သမီးအနေနဲ့ ဒီလိုဂုဏ်ထူးတွေရရှိအောင် ကျောင်းသင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ ပုံမှန်လေ့လာကျက်မှတ်ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားပေးတဲ့ ဘာသာရပ်အလိုက် သင်ခန်းစာတွေကို သေချာလေ့လာမှတ်သားခဲ့ပါတယ်။ ဒီလို ကြိုးစားခဲ့တဲ့အပေါ်မှာ အခုလို အကျိုးရလဒ်ရတဲ့အတွက် ကျေနပ်မိပါတယ်။ သမီးအနေနဲ့ ဆရာဝန်တစ်ယောက်ဖြစ်ချင်တဲ့ ရည်မှန်းချက်ရှိပါတယ်။ ဒါကြောင့် ဆေးကျောင်းတက်ပြီး ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားပြီး ပြည်သူတွေကို ဆေးကုသပေးမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကျောင်းသင်ခန်းစာတွေကို အားထုတ်ကြိုးစားလေ့လာမယ်ဆိုရင် ကိုယ်လိုချင်တဲ့ ပန်းတိုင်ရည်မှန်းချက်ကို ရောက်ရှိမှာဖြစ်ပါတယ်"ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဂုဏ်ထူးရရှိမှုအနေဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၄၂ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၈၀၊ လေးဘာသာဂုဏ်ထူးရှင် ၅၄၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၂၆၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၈၉၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၉၉၃ ဦး ထွက်ပေါ်ခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ဆဋ္ဌမအဆင့်ရရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် မောင်ဟိန်းမင်းကိုက "ကျွန်တော့်အနေနဲ့ ကျောင်းသင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ ပြီးပြတ်အောင် ကျက်မှတ်ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားတဲ့အချိန်မှာလည်း သေချာဂရုစိုက် နားထောင်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် ဒုတိယအကြိမ် ပြန်လည်ဖြေဆိုတဲ့အခါမှာလည်း အကောင်းဆုံး ကြိုးစားဖြေဆိုခဲ့ပါတယ်။ အခုလို ဘာသာစုံဂုဏ်ထူးရရှိတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ငယ်ငယ်ကတည်းက သင်ကြားပေးခဲ့တဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ငယ်စဉ်ကတည်းက ခွဲစိတ်ဆရာဝန်တစ်ယောက်ဖြစ်ချင်ခဲ့တာပါ။ ဒါကြောင့် ဆေးကျောင်းတက်ပြီး ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမယ်လို့ ရည်မှန်းထားပါတယ်"ဟု ပြောသည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မနန်းရတီထွန်းက "ကျောင်းစဖွင့်ကတည်းက CAE ကိုယ်ပိုင်အထက်တန်းကျောင်းက ဆရာ ဆရာမတွေရဲ့ သင်ပြလမ်းညွှန်မှုအောက်မှာ သေချာလေ့လာမှတ်သားခဲ့ပါတယ်။ ဒါကြောင့် အခုလို အောင်မြင်မှုရရှိခဲ့တာဖြစ်ပါတယ်။ ပထမအကြိမ် စာမေးပွဲဖြေဆိုတုန်းက အခက်အခဲတချို့ရှိခဲ့ပါတယ်။ ပြီးတော့ သဘာဝဘေးကြောင့် ဒုတိယတစ်ကြိမ် ထပ်ဖြေရမယ်ဆိုတော့ စိတ်ဓာတ်ကျချင်ပေမယ့် ကြိုးစားမှ ဖြစ်မယ်ဆိုတဲ့စိတ်နဲ့ ထပ်ပြီးကြိုးစားဖြေဆိုခဲ့တာ ဖြစ်ပါတယ်။ အခုလို ခြောက်ဘာသာဂုဏ်ထူးရရှိတဲ့အတွက် သမီးငယ်ငယ်ကတည်းက ရည်မှန်းခဲ့တဲ့ ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာပါ။ သမီးအခုလို အောင်မြင်မှုရအောင် သမီးရဲ့ နောက်ကွယ်ကနေ ပံ့ပိုးပေးတဲ့ မိဘတွေနဲ့ သင်ကြားပြသပေးတဲ့ ဆရာကြီး၊ ဆရာမကြီးတွေကို ကျေးဇူးအများကြီးတင်ရှိပါတယ်"ဟု ပြောသည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မနှင်းအိန္ဒြာကလည်း "သမီး ဒီလိုခြောက်ဘာသာဂုဏ်ထူးထွက်အောင် တစ်နေ့စာတစ်နေ့ ကြိုးစားသင်ယူကျက်မှတ်ခဲ့ပါတယ်။ ပထမအကြိမ် စာမေးပွဲဖြေစဉ်က အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါတယ်။ ဒုတိယအကြိမ် ဖြေဆိုရမယ်လို့ သိရတဲ့အခါ စိတ်ဓာတ်မကျဘဲ မလျှော့သောဇွဲလုံ့လနဲ့ ပြန်လည်ကြိုးစားဖြေဆိုခဲ့ပါတယ်။ သမီးအနေနဲ့ ဒီလိုခြောက်ဘာသာဂုဏ်ထူး ရရှိမယ်လို့တော့ မမျှော်လင့်ခဲ့ပါဘူး။ အခုလို ရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ ဒီလိုအောင်မြင်မှုရရှိအောင် ထောက်ပံ့ပေးတဲ့ အဖေနဲ့ အမေကို ကျေးဇူးတင်ပါတယ်။ သေချာသင်ကြားပေးတဲ့ ဆရာ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။ တက္ကသိုလ်ကတော့ ရွေးချယ်နေတုန်းပဲရှိပါတယ်" ဟု ပြောသည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မကြည်နူးမေက "စာမေးပွဲ အောင်စာရင်းမထွက်ခင် အချိန်အထိ အလွန်ကို စိတ်လှုပ်ရှားနေပါတယ်။ အခုလို ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တဲ့အတွက် ပျော်ရွှင်မိပါတယ်။ အခုလို အောင်မြင်မှုရရှိအောင် တစ်နေ့စာတစ်နေ့ ပုံမှန်လုပ်ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားပေးတာတွေကိုလည်း နားထောင်ပြီး လေ့လာကျက်မှတ်ပါတယ်။ ဆရာမတွေ လမ်းညွှန်ပေးထားတဲ့အတိုင်းပဲ လုပ်ခဲ့တာပါ။ မနက်အစောထပြီး စာကျက်ခဲ့ရပါတယ်။ ကိုယ်လုပ်ချင်တဲ့အရာတွေကို လျှော့ပြီး စာဘက်ကိုပဲ အာရုံစိုက်လုပ်ခဲ့ရပါတယ်။ သမီးကို ပံ့ပိုးပေးတဲ့ ဆရာ ဆရာမတွေ၊ မိဘတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဘယ်လိုအခက်အခဲပဲရှိရှိ အရှုံးမပေးဘဲ ကြိုးစားရင် အောင်မြင်မှုရရှိမှာဖြစ်ပါတယ်" ဟု ပြောသည်။

ထို့ပြင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးဗဟိုအကျဉ်းထောင်စာစစ်ဌာန၌ ခြောက်ဦး ဝင်ရောက်ဖြေဆိုခဲ့ကြရာ သုံးဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး ထွက်ပေါ်ခဲ့ပြီး ရာခိုင်နှုန်းပြည့် အောင်မြင်ခဲ့သည်။

**မင်းထက်အောင်**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

## နေပြည်တော်ကောင်စီနယ်မြေအတွင်း အောင်မြင်သူ ၅၇၄၁ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၄၆ ဒသမ ၂၇ ရာခိုင်နှုန်းရှိ

နေပြည်တော် ဇူလိုင် ၂၇

**၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီး ဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌လည်းကောင်း၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန Website၌လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝင်ရောက်ဖြေဆိုသူ ၁၂၄၀၇ ဦးရှိသည့်အနက် အောင်မြင်သူ ၅၇၄၁ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းအနေဖြင့် ၄၆ ဒသမ ၂၇ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။**



ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦး



ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်



ဇီဝဗေဒဘာသာရပ်ဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်ပိုင်ထက်ဦး



အင်္ဂလိပ်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဂုဏ်ထူးများဖြင့် အောင်မြင်သူ မကြည်နူးဆက်

ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာစစ်ဌာနဖွင့်လှစ်ထားသော ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသားကျောင်းသူများနှင့် မိဘများသည် စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြသည်။

ယခုကဲ့သို့ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ကျွန်တော့် စာစစ်ဌာနအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ကျောင်းသားကျောင်းသူပေါင်း ၃၃၉ ဦးရှိခဲ့ပြီး ဖြေဆိုအောင်မြင်သူ ၁၁၃ ဦးရှိပါတယ်။ ဒါကြောင့် အောင်ချက်ရာခိုင်နှုန်းအနေနဲ့ ၃၃ ဒသမ ၃၃ ရာခိုင်နှုန်းရှိပါတယ်။ ဂုဏ်ထူးရရှိမှုအနေနဲ့ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် ၂၆ ဦး ထွက်ရှိတဲ့အတွက် စုစုပေါင်း ဂုဏ်ထူးရှင် ၄၈ ဦးရှိပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကို အခက်အခဲတွေကြားကနေ ကြိုးစားအားထုတ်ပြီး အောင်မြင်မှုရရှိအောင် ကြိုးစားဖြေဆိုခဲ့တဲ့ ကျောင်းသားကျောင်းသူတွေအစား ဂုဏ်ယူမိပါတယ်။ စာမေးပွဲပြန်လည်ဖြေဆိုကြဖို့ တွန်းအားပေးခဲ့ကြတဲ့ မိဘတွေကိုလည်း ကျေးဇူးတင်ပါတယ်။ စာမေးပွဲမအောင်မြင်ခဲ့ကြတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း စိတ်အားငယ်စရာမလိုဘဲ ဆက်လက်ကြိုးစားဖြေဆိုကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒီနှစ် Grade-12 တက်ရောက်ကြမယ့် ကျောင်းသားကျောင်းသူတွေအနေနဲ့လည်း ရှေ့က အစ်ကိုတွေ အစ်မတွေရဲ့ အခက်အခဲတွေကြားကနေ တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြပြီး အောင်မြင်မှုရယူခဲ့ကြတာကို အတုယူကြစေလိုပါတယ်" ဟု ပြောသည်။

အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က "ကျွန်တော့်ကျောင်းမှာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇီဝဗေဒဘာသာတွဲ ၄၈ ဦး ဝင်ရောက်ဖြေဆိုမှုမှာ အောင်မြင်သူ ၃၀ နဲ့ ဘောဂဗေဒဘာသာတွဲမှာ အောင်မြင်သူ သုံးဦးဖြစ်တဲ့အတွက် အောင်မြင်မှုရာခိုင်နှုန်းက ၄၉ ဒသမ ၂၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဂုဏ်ထူးရရှိမှုအနေနဲ့ လေးဘာသာ တစ်ဦး၊ သုံးဘာသာ ငါးဦး၊ နှစ်ဘာသာ၊ တစ်ဘာသာနဲ့ စုစုပေါင်း ၂၇ ဦး ဖြစ်ပါတယ်။ ဒုတိယအကြိမ်ဖြေဆိုမှုအတွက်လည်း ကျောင်းသားကျောင်းသူတွေ မျှော်မှန်းသလိုဖြစ်ခဲ့တယ်လို့လည်း ယုံကြည်ပါတယ်။ အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူများနဲ့ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအတွက် သူတို့ရဲ့ မိဘတွေကိုယ်စားလည်း ဂုဏ်ယူပါတယ်။ သူတို့တွေဖြစ်ချင်တဲ့ ဆန္ဒနဲ့ ကျောင်းကောင်းကောင်းတွေကို တက်ရောက်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ ကျရှုံးတဲ့ ကျောင်းသား ကျောင်းသူတွေလည်း စိတ်ဓာတ်မကျဘဲ ခွန်အားအသစ်တွေနဲ့ ဆက်လက်ဖြေဆိုကြိုးစားကြပါလို့ပြောချင်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲက အခြေခံပညာရဲ့ အမြင့်ဆုံးစာမေးပွဲဖြစ်ပါတယ်။ ဒီစာမေးပွဲက ကလေးတွေကိုယ်တိုင်ကြိုးစားမှသာလျှင် ရည်မှန်းတဲ့ပန်းတိုင်ကို ရောက်ရှိမှာဖြစ်လို့ ဖွဲ၊ ဝီရိယ၊ လုံ့လတွေနဲ့ ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်" ဟုပြောသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြေဆိုအောင်မြင်မှုအနေဖြင့် ပျဉ်းမနားမြို့နယ်၌ ဂုဏ်ထူးရကျောင်းသားကျောင်းသူ ၄၇၉ ဦး၊ ရိုးရိုးအောင်မြင်သူ ၆၉၉ ဦး စုစုပေါင်း ၁၁၇၈ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၅၁ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဇမ္ဗူသီရိမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူပေါင်း ၂၁၄ ဦး၊ ရိုးရိုးအောင်မြင်သူ ၃၈၈ ဦး စုစုပေါင်း ၆၀၂ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၄၁ ဒသမ ၆၉ ရာခိုင်နှုန်း၊ လယ်ဝေးမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၃၇၀၊ ရိုးရိုးအောင်မြင်သူ ၇၉၉ ဦး စုစုပေါင်း ၁၁၆၉ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၄၇ ဒသမ ၁၈ ရာခိုင်နှုန်း၊ ဒက္ခိဏသီရိမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ၆၀၊ ရိုးရိုးအောင်မြင်သူ ၁၀၁ ဦး စုစုပေါင်း ၁၆၁ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၄၅ ဒသမ ၆၁ ရာခိုင်နှုန်း၊ ဥတ္တရသီရိမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၂၄၄ ဦး၊ ရိုးရိုးအောင်မြင်သူ ၃၃၄ ဦး စုစုပေါင်း ၅၇၈ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၅၂ ဒသမ ၈၈ ရာခိုင်နှုန်း၊ တပ်ကုန်းမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၂၆၉ ဦး၊ ရိုးရိုးအောင်မြင်သူ ၅၇၂ ဦး စုစုပေါင်း ၈၄၁ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၄၆ ဒသမ ၉၀ ရာခိုင်နှုန်း၊ ဇေယျာသီရိမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၁၉၆ ဦး၊ ရိုးရိုးအောင်မြင်သူ ၄၁၄ ဦး စုစုပေါင်း ၆၁၀၊ အောင်ချက်ရာခိုင်နှုန်း ၄၃ ဒသမ ၇၃ ရာခိုင်နှုန်း၊ ပုဗ္ဗသီရိမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၁၉၉ ဦး၊ ရိုးရိုးအောင်မြင်သူ ၄၀၃ ဦး စုစုပေါင်း ၆၀၂ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၃၈ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇီဝဗေဒဘာသာရပ်ဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်ပိုင်ထက်ဦးက "ကျွန်တော် ဂုဏ်ထူးရရှိတဲ့အပေါ် အင်မတန်ဝမ်းသာပါတယ်။ ဂုဏ်ထူးတွေ အများကြီးမျှော်မှန်းခဲ့ပေမယ့် တစ်ဘာသာပဲထွက်ခဲ့ပါတယ်။ ကျန်တဲ့ဘာသာတွေလည်း အမှတ်များမယ်လို့ ထင်ပါတယ်။ ဒုတိယအကြိမ် ဖြေဆိုမှုကိုလည်း ကျေနပ်အားရမှုရှိပါတယ်။ ပထမအကြိမ်ဖြေဆိုမှုရဲ့ အားနည်းချက်တွေကို ပြင်ဆင်မှုရခဲ့ပါတယ်။ ကျွန်တော် အမှတ်စာရင်းအတွက်တော့ ရင်ခုန်နေပါတယ်။ ကျွန်တော်တက်ချင်တဲ့ကျောင်းကို တက်လို့ရမယ်လို့ မျှော်လင့်ထားပါတယ်။ နောင်လာနောက်သား ညီလေး၊ ညီမလေးတွေကိုလည်း တစ်နေ့စာတစ်နေ့ကို လေ့လာလေ့ကျင့်ကြပါလို့ ပြောချင်ပါတယ်။ အချိန်ပိုတွေရှိခဲ့ရင် ပြန်လှန်လေ့ကျင့်ခန်းတွေ၊ မေးခွန်းဟောင်းတွေကို လေ့ကျင့်ကြပါလို့ ပြောချင်ပါတယ်။ ကျရှုံးတဲ့ သူငယ်ချင်းတွေကိုလည်း အားမလျှော့ဘဲ ဆက်လက်ကြိုးစားဖြေဆိုကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် အင်္ဂလိပ်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဂုဏ်ထူးများဖြင့် အောင်မြင်သူ မကြည်နူးဆက်က "အခုလို လေးဘာသာဂုဏ်ထူးရရှိမှုအပေါ် အင်မတန်ဝမ်းသာပါတယ်။ ဘာသာစုံဂုဏ်ထူးထွက်ဖို့ မျှော်မှန်းပြီး ကြိုးစားခဲ့တာဖြစ်ပါတယ်။ ကျန်တဲ့ နှစ်ဘာသာမှာ လွဲချော်မှုလေးရှိခဲ့တယ်လို့ ထင်ပါတယ်။ ဂုဏ်ထူးမထွက်ခဲ့ပေမယ့် အမှတ်ကောင်းမယ်လို့ ထင်ပါတယ်။ ကျောင်းပုံမှန်တက်ပြီး တစ်နေ့စာတစ်နေ့ ပုံမှန်လေ့လာကျက်မှတ်ပါတယ်။ ပြန်လှန်လေ့ကျင့်ခန်းတွေလုပ်တဲ့ အချိန်မှာ တစ်နေ့စာတစ်နေ့ လေ့လာခဲ့တာတွေက အထောက်အကူပြုပါတယ်။ သင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ ပုံမှန်လေ့လာကျက်မှတ်ရင်း တစ်နှစ်တာကို ဖြတ်သန်းခဲ့တာဖြစ်ပါတယ်။ ဒုတိယအကြိမ် စာမေးပွဲဖြေဆိုမှုက အခွင့်အရေးတစ်ခုဖြစ်ခဲ့လို့ ကျေနပ်အားရမှုရှိခဲ့ပါတယ်။ ပထမအကြိမ်က အမှားတွေ၊ အားနည်းမှုတွေကို ပြန်လည်ပြင်ဆင်ခဲ့ပါတယ်။ နောက်ဖြေဆိုမယ့် မောင်လေး၊ ညီမလေးတွေကို Grade -12 က စိတ်ပင်ပန်းရမယ့် အတန်းမဟုတ်ဘူးလို့ ပြောချင်ပါတယ်။ တစ်နေ့စာ တစ်နေ့၊ တစ်ပတ်စာ တစ်ပတ် သင်ခန်းစာတွေကို သေချာလေ့ကျင့်မယ်ဆိုရင် အောင်မြင်အောင် ဖြတ်ကျော်နိုင်မယ့် အတန်းဖြစ်ပါတယ်။ ဂုဏ်ထူးတွေပါ မှန်းမယ်ဆိုရင်တော့ ဖွဲ၊ ဝီရိယ၊ လုံ့လတွေကို ပိုပြီးအားစိုက်ထည့်ရမှာဖြစ်ပါတယ်။ ပြန်လှန်လေ့ကျင့်ခန်းနဲ့ မေးခွန်းဟောင်းတွေကို သေချာလေ့ကျင့်ကြပါလို့ တိုက်တွန်းချင်ပါတယ်" ဟု ပြောသည်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိစာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံ(ရေဒီယို)၊ တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးခဲ့ပြီး အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**အေးအေးသန့်၊ ကျော်စွာဝင်း**
**ဓာတ်ပုံ-ကိုထိန်**



၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းအား အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားမိဘများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုကြစဉ်။

## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့၌ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၇

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# အောင်ပွဲနှင့်အတူ မျှော်နေမည်

**အားကစားဝါသနာရှင်တစ်ဦး**

၂၀၂၅ ခုနှစ် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံတွင် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ယခုပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် (၇)ကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်သည်။ အားကစားနည်း ၅၃ မျိုးထည့်သွင်းထားပြီး ပြိုင်ပွဲကို Bangkok, Chonburi နှင့် Songkhla မြို့တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံက အားကစားနည်း ၄၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စခန်းသွင်း လေ့ကျင့်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်မူ အားကစားနည်း ၃၆ မျိုး ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံက အားကစားနည်း ၁၉ မျိုးသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်။

သို့ရာတွင် မြန်မာအားကစားအဖွဲ့သည် ဗိုဗီနမ် အားကစားနည်းမှ ရွှေ လေးဆု၊ ငွေ သုံးဆု၊ ကြေး ၁၇ ဆု၊ ဗိုဗီနမ်(ခွန်ဘိုကာတာ)ကစားနည်းမှ ရွှေ တစ်ဆု၊ ငွေ နှစ်ဆု၊ ကြေး ခြောက်ဆု၊ ဗိုဗီနမ်(အားနစ်) ကစားနည်းမှ ရွှေ နှစ်ဆု၊ ငွေ နှစ်ဆု၊ ကြေး ရှစ်ဆု၊ ပိုက်ကျော်ခြင်းကစားနည်းမှ ရွှေ နှစ်ဆု၊ ငွေ နှစ်ဆု၊ ကြေး တစ်ဆု၊ ခြင်းလုံးအားကစားနည်းမှ ရွှေ လေးဆု၊ ငွေ သုံးဆု၊ ကြေး တစ်ဆု၊ ဘီလိယက်/စနူကာကစားနည်းမှ ရွှေ သုံးဆု၊ ကြေး နှစ်ဆု၊ ရိုးရာလေ့ကစားနည်းမှရွှေ တစ်ဆု၊ ငွေ ငါးဆု၊ ကြေး နှစ်ဆု၊ ဝူရှူးကစားနည်းမှ ရွှေ တစ်ဆု၊ ငွေ သုံးဆု၊ ကြေး သုံးဆု၊ တိုက်ကွမ်ဒိုကစားနည်းမှရွှေ တစ်ဆု၊ ကြေး လေးဆု၊ အလေးမကစားနည်းမှ ရွှေ တစ်ဆု၊ ကြေး နှစ်ဆု၊ ပီတန်းကစားနည်းမှ ရွှေ တစ်ဆု၊ ခွန်ခမာ ကစားနည်းမှ ငွေ နှစ်ဆု၊ ကြေး ခုနစ်ဆု၊ ဂျူဒိုကစားနည်းမှငွေ တစ်ဆု၊ ကြေး သုံးဆု၊ ဘောလုံး(အမျိုးသမီး) အသင်းက ငွေ တစ်ဆု၊ ကြက်တောင်ကစားနည်းမှ ငွေ တစ်ဆု၊ လက်ဝှေ့ကစားနည်းမှ ကြေး ခြောက်ဆု၊ စစ်တုရင်ကစားနည်းမှ ကြေး နှစ်ဆု၊ ပြေးခုန်ပစ်ကစားနည်းမှ ကြေး တစ်ဆု၊ E Sports ကြေး တစ်ဆု တို့ဖြင့် စုစုပေါင်း ရွှေတံဆိပ် ၂၁ ဆု၊ ငွေတံဆိပ် ၂၅ ဆုနှင့် ကြေးတံဆိပ် ၆၈ ဆု ဆွတ်ခူးရယူနိုင်ခဲ့သည်။



(၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ ငွေတံဆိပ်ရရှိခဲ့သည့် အမျိုးသမီးဘောလုံးအသင်း ယှဉ်ပြိုင်ကစားစဉ်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၈၁ ခုနှစ်နောက်ပိုင်း အဝေးကွင်းတွင် ဧည့်နိုင်ငံအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့သည့် SEA GAMES ပြိုင်ပွဲများအနက် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် အများဆုံးရယူဆွတ်ခူးနိုင်ခဲ့သည့် ပြိုင်ပွဲအဖြစ် မှတ်တမ်းရေးထိုးနိုင်ခဲ့သည်။

**ဆုတံဆိပ်အများဆုံး ပြန်လည်ဆွတ်ခူးနိုင်ခဲ့**

ထို့အတူ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနောက်ပိုင်း ဆုတံဆိပ်အများဆုံး ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေ ၈၄ ဆု၊ ငွေ ၆၃ ဆု၊ ကြေး ၈၄ ဆု စုစုပေါင်း ဆုတံဆိပ် ၂၃၁ ဆုဖြင့် နိုင်ငံအလိုက် ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၆ ဆု၊ ငွေ ၂၅ ဆု၊ ကြေး ၃၂ ဆုဖြင့် စုစုပေါင်းဆုတံဆိပ် ၆၈ ဆု၊ ၂၀၁၇ ခုနှစ် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ခုနစ်ဆု၊ ငွေ ၁၀ ဆု၊ ကြေး ၂၀ ဆုဖြင့် စုစုပေါင်း ဆုတံဆိပ် ၃၇ ဆု၊ ၂၀၁၉ ခုနှစ် အကြိမ်(၃၀)မြောက် ဆီးဂိမ်း ပြိုင်ပွဲတွင်ရွှေ လေးဆု၊ ငွေ ၁၉ ဆု၊ ကြေး ၅၁ ဆုဖြင့် စုစုပေါင်း ဆုတံဆိပ် ၇၃ ဆု၊ ၂၀၂၁ ခုနှစ် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ကိုးဆု၊ ငွေ ၁၈ ဆု၊ ကြေး ၃၅ ဆုဖြင့် စုစုပေါင်းဆုတံဆိပ် ၆၂ ဆုဖြင့် တဖြည်းဖြည်းလျော့ကျလာခဲ့ရာမှ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၂၁ ဆု၊ ငွေ ၂၅ ဆု၊ ကြေး ၆၈ ဆု စုစုပေါင်း ဆုတံဆိပ် ၁၁၄ ဆုဖြင့် ဆုတံဆိပ်အများဆုံး ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးအပ်**

၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ရွှေတွဲလွဲ၊ ငွေတွဲလွဲဖြင့် ပြန်လည်အောင်မြင်မှုများရရှိခဲ့သည့် နောက်ကွယ်တွင် နိုင်ငံတော်က အားကစားကို အထူးအလေးထား အားပေးမြှောက်စားမှုနှင့်အတူ ဆုရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးအပ်ခဲ့ခြင်းတို့ကလည်း တစ်ကြောင်း ပါဝင်ပါသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ သမိုင်းတွင် ရွှေတံဆိပ်အနည်းဆုံးပြိုင်ပွဲဟုဆိုရမည့် ရွှေတံဆိပ် လေးခုသာ ဆွတ်ခူးနိုင်ခဲ့သော ၂၀၁၉ ခုနှစ် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပြီး ကျင်းပခဲ့သော ၂၀၂၁ ခုနှစ် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့အားကစားအဖွဲ့သည် ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခုနှင့် ကြေးတံဆိပ် ၃၅ ခု ဆွတ်ခူးရရှိခဲ့ရာ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား နိုင်ငံတော်က တစ်ဦးချင်းပြိုင်ပွဲများအတွက် ရွှေတံဆိပ်တစ်ဆုလျှင် ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ် တစ်ဆုလျှင် ကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်တစ်ဆုလျှင် ကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်အတွက် တစ်ဦးလျှင် ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်အတွက် တစ်ဦးလျှင် ကျပ်သိန်း ၇၀ နှင့် ကြေးတံဆိပ်အတွက် တစ်ဦးလျှင် ကျပ် ၃၅ သိန်းတို့ဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးအပ်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုလည်း နိုင်ငံတော်က အလားတူ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးအပ်ခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ပေသည်။

ထိုသို့ပေးအပ်ချီးမြှင့်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား တစ်ဦးချင်းနှင့် အသင်းလိုက် ဂုဏ်ပြုဆုများအပြင် နည်းပြနှင့် အုပ်ချုပ်သူများကိုလည်း ရွှေတံဆိပ်ဆုအတွက် တစ်ဦးလျှင် ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆုအတွက် တစ်ဦးလျှင် ကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ဆုအတွက် တစ်ဦးလျှင် ကျပ်သိန်း ၃၀ စီ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်အကြီးအကဲက အထူးဆုအဖြစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၅၀၀၀၀ နှင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသားဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၂၀၀၀၀ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများအား နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ငွေမှာ ငွေကျပ်စုစုပေါင်း ၃၃၃၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၇ သောင်းဖြစ်ကြောင်း သိရသည်။

**အောင်မြင်မှုများ ဆက်လက်ရယူမည်**

ထိုင်းနိုင်ငံတွင် မကြာမီကျင်းပတော့မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အောင်မြင်မှုဆက်လက်ရယူနိုင်ရန် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အားကစားအဖွဲ့ချုပ်အလိုက် အားကစားသမားများအား စိစစ်ရွေးချယ်စခန်းသွင်းလေ့ကျင့်ခြင်း၊ စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားသမားများအား အားကစားနည်းအလိုက် လိုအပ်သည့် ကယ်လိုရီပမာဏနှင့် အာဟာရပြည့်ဝစေရေးတို့အတွက် Sport Nutrition အာဟာရပိုင်းဆိုင်ရာ တွက်ချက်မှုနှင့်အညီ ချက်ပြုတ်ကျွေးမွေးဆောင်ရွက်ခြင်း၊ Joint Training ပူးတွဲသွားရောက်လေ့ကျင့်နိုင်ရေးနှင့် နည်းပြခေါ်ယူရေးအပါအဝင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာအားကစားဝါသနာရှင်ပရိသတ်များကလည်း လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ အားကစားနည်းအလိုက် ဆုတံဆိပ်များ ဆွတ်ခူးပြီး အောင်မြင်မှုရရှိနိုင်ရန် ငံ့လင့်လျက်ရှိသည်။

အထူးသဖြင့် တစ်ချိန်က အရှေ့တောင်အာရှနှင့် အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုသမိုင်းအစဉ်အလာကြီးမားခဲ့သော ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမနှင့် လက်ဝှေ့ပြိုင်ပွဲများတွင် တစ်ကျော့ပြန်အောင်မြင်မှုများ ဆွတ်ခူးရရှိနိုင်ရန် မွတ်သိပ်တောင့်တလျက်ရှိပေသည်။

*စာမျက်နှာ ၇ သို့*

❖ **၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ရွှေတွဲလွဲ၊ ငွေတွဲလွဲဖြင့် ပြန်လည်အောင်မြင်မှုများရရှိခဲ့သည့် နောက်ကွယ်တွင် နိုင်ငံတော်က အားကစားကို အထူးအလေးထား အားပေးမြှောက်စားမှုနှင့်အတူ ဆုရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးအပ်ခဲ့**

❖ **၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများအား နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ငွေမှာ ငွေကျပ်စုစုပေါင်း ၃၃၃၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၇ သောင်းဖြစ်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမျိုးသားကင်ဆာရောဂါကုသရေးဌာန တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်အချိန်ကာလအမီပြီးစီးစေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ် အမျိုးသားကင်ဆာရောဂါကုသရေးဌာန တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှစ်ထပ်ကုသဆောင်တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုပြီး သတ်မှတ်အချိန်ကာလအမီ ပြီးစီးစေရေး အင်အားပြည့် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းများအသုံးပြုကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတိပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကင်ဆာဓာတ်ရောင်ခြည်ကုသစက် သုံးလုံးဖြင့် အများပြည်သူရုံးပိတ်ရက်တွင် တာဝန်ထမ်းဆောင်၍ ဓာတ်ရောင်ခြည်ကုသမှု ဆောင်ရွက်လျက်ရှိသည့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် ငါးထပ်ကုသဆောင်ရှိ အစည်းအဝေးခန်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ



ဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကိုကိုအေးက အမျိုးသားကင်ဆာရောဂါကုသရေးဌာန တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆေးရုံပတ်ဝန်းကျင်သာယာလှပရေး ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားကင်ဆာရောဂါကုသရေးဌာန တည်ဆောက်ရေးအတွက် လိုအပ်သောရန်ပုံငွေများ ခွဲဝေချထားပေးပါကြောင်း၊ ကင်ဆာရောဂါဝေဒနာရှင်များအကျိုးငှာ သတ်မှတ်ချိန်အတွင်း စီမံကိန်းပြီးစီးရန် အင်အားပြည့် ဆောင်ရွက်စေလိုပါကြောင်း၊ ကုသရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ အရည်အသွေးများ ကောင်းမွန်စေရေးနှင့် ကင်ဆာရောဂါဝေဒနာရှင်များအနေဖြင့် စိတ်ချမ်းသာစွာကုသမှုခံယူနိုင်ရေးအတွက် ဆေးရုံပတ်ဝန်းကျင်သာယာလှပရေး ဆောင်ရွက်ရာတွင် မြင်နေကျ ဆေးရုံပတ်ဝန်းကျင်ထက် ပိုမိုသာယာလှပသော ပုံစံကို ဆေးပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များပူးပေါင်း၍ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၊ အဆောက်အဦဦးစီးဌာနမှ တာဝန်ရှိသူများက အဆောက်အအုံ တည်ဆောက်ရေးနှင့် ဆေးရုံပတ်ဝန်းကျင်သာယာလှပရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

ထို့နောက် အမျိုးသားကင်ဆာရောဂါကုသရေးဌာန တာဝန်ခံက အမျိုးသားကင်ဆာရောဂါကုသရေးဌာန၌ ဓာတ်ရောင်ခြည်ကုသမှုဆောင်ရွက်နေသည့် အခြေအနေကိုတင်ပြပြီး တက်ရောက်လာကြသည့် ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် လိုအပ်ချက်များ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

အမျိုးသားကင်ဆာရောဂါ ကုသရေးဌာနကို နိုင်ငံတော်၏ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဘီလီယံကျော်ဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ကာ ရှစ်ထပ်ကုသဆောင် တည်ဆောက်ရေးနှင့် ဆက်စပ်လုပ်ငန်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့ (၁)မှ တာဝန်ယူကာ ဆက်လက်ဆောက်လုပ်လျက်ရှိသည်။ အမျိုးသားကင်ဆာရောဂါကုသရေးဌာနတွင် စုစုပေါင်းစက်သုံးလုံးဖြင့် တစ်ရက်လျှင် ကင်ဆာရောဂါဝေဒနာရှင် လူနာ ၂၀၀ မှ ၂၅၀ ကျော်အထိ ဓာတ်ရောင်ခြည်ကုသမှုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ကျောဖုံးမှ*

သန့်ဇင်သည် ထိုင်းဖိုက်တာ ခွန်ချာနမ်နှင့် ထိုးသတ်ရမည်ဖြစ်ပြီး ယခုနှစ် ဇန်နဝါရီတွင် ပွဲထိုးသတ်ပြီးနောက် ခြောက်လကျော်အကြာမှ နောက်တစ်ပွဲ ထိုးသတ်ခွင့်ရခြင်းဖြစ်သည်။ သန့်ဇင်သည် ONE နှင့် ငါးပွဲမြောက် ထိုးသတ်ရခြင်းဖြစ်ပြီး ယခင်လေးပွဲတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည်။ သန့်ဇင်သည် ပထမနှစ်ပွဲဆက်တိုက် အနိုင်ရသော်လည်း နောက်ဆုံးနှစ်ပွဲဆက်တိုက် အရေးနိမ့်ထားသဖြင့် နိုင်ပွဲပြန်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။ သန့်ဇင်နှင့် ထိုးသတ်မည့် ခွန်ချာနမ်သည် ONE နှင့် ခြောက်ပွဲထိုးသတ်ရာတွင် နှစ်ပွဲနိုင်၊ လေးပွဲရှုံးနိမ့်ထားသည်။

သန့်ဇင်သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က ထိုးသတ်သည့် ပထမပွဲတွင် ထိုင်းဖိုက်တာ ဂျိုင်ဆင်းကို ဒုတိယအချီ စက္ကန့် ၄၀ တွင် ဒိုင်ပွဲရပ်၊ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၃ ရက်ကထိုးသတ်သည့် ဒုတိယပွဲတွင် ထိုင်းဖိုက်တာ အူထိုင်းကို ပထမအချီ တစ်မိနစ် ၁၄ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရထားပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်က ထိုးသတ်သည့် တတိယပွဲတွင် ဂျပန်ဖိုက်တာ တာခဲရှုကို ဒုတိယအချီတွင် အလဲထိုး၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်ကထိုးသတ်သည့် စတုတ္ထပွဲတွင် ထိုင်းဖိုက်တာ ဆူရီယန်လက်ခ်ကို ဒုတိယအချီတွင် ဒိုင်ပွဲရပ်တို့ဖြင့် ရှုံးနိမ့်ထားသည်။ **ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- ONE**

❖ *ကျောဖုံးမှ*

MIU အသင်းက FFU မင်းမဟော်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၅) တွင် Kyaung Sayar Tharhtwe အသင်းက Pacific Sun Far အသင်းကို ငါးဂိုး-နှစ်ဂိုး၊ မလိခအသင်းက Avengers Junior အသင်းကို ငါးဂိုး-လေးဂိုး၊ Victoria အသင်းက SGF အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ Golden Boys အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ငါးဂိုး-တစ်ဂိုး၊ Jullniss အသင်းက TKA Star အသင်းကို ငါးဂိုး-တစ်ဂိုး၊ King Cobra အသင်းက FFU မင်းမဟော်အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိသည်။ **သော်လေး၊ ဓာတ်ပုံ-MFF**



ယူ-၁၉ လိဂ်တွင် MIU အသင်းနှင့် FFU မင်းမဟော်အသင်း ယှဉ်ပြိုင်စဉ်။

*စာမျက်နှာ ၆ မှ*

**ရွှေတံဆိပ်များလွမ်းနိုင်အောင်ကြိုးပမ်း**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက်နေ့က ကျင်းပခဲ့သော (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားရာ၌-

**"အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုရခြင်းအတွက် ဝမ်းသာဂုဏ်ယူမိသကဲ့သို့ မြန်မာနိုင်ငံသားအားလုံးက လိုလားတောင့်တနေသည့် ဘောလုံးပြိုင်ပွဲရွှေတံဆိပ်ဆုရရှိရေးကိုလည်း အမျိုးသားရေးအဖြစ် ဦးတည်ကြိုးပမ်းကြရန် တိုက်တွန်းလိုပါကြောင်း၊ အလားတူ အရှိန်အဝါကြီးခဲ့သော အစဉ်အလာရှိခဲ့သည့် ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမနှင့် လက်ဝှေ့ပြိုင်ပွဲများတွင်လည်း ရွှေတံဆိပ်များလွှမ်းနိုင်အောင်ကြိုးပမ်းကြရန် အားကစားသမားများနှင့် အဖွဲ့ချုပ်များကိုပါ တိုက်တွန်းလိုပါကြောင်း"** စသည်ဖြင့် ပြောကြားခဲ့ပါသည်။

အားကစားဝါသနာရှင် တစ်ဦးအနေဖြင့်လည်း ထိုင်းနိုင်ငံက (၇)ကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အထူးသဖြင့် ပြေးခုန်ပစ်၊ အလေးမနှင့် လက်ဝှေ့အားကစားနည်းများ၌ ရွှေတံဆိပ်ဆုများ ပြန်လည်ရယူဆွတ်ခူးစေချင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးလက်ခံကျင်းပခဲ့သော ၁၉၅၉ ခုနှစ် ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေ ၁၁ ဆု၊ ငွေ ၁၅ ဆု၊ ကြေး ၁၄ ဆုတို့ဖြင့် နိုင်ငံအလိုက် ဒုတိယရရှိခဲ့ရာတွင် ပြေးခုန်ပစ်ပြိုင်ပွဲမှ ရွှေတံဆိပ် ငါးဆု၊ အလေးမပြိုင်ပွဲမှ ရွှေတံဆိပ် နှစ်ဆု၊ လက်ဝှေ့ပြိုင်ပွဲမှ ရွှေတံဆိပ် နှစ်ဆု၊ ရေကူးပြိုင်ပွဲမှ ရွှေတံဆိပ် နှစ်ဆု ဆွတ်ခူးရယူနိုင်ခဲ့၍ ဖြစ်ပေသည်။

**မမေ့နိုင်သော ရွှေရောင်နေ့ရက်များ**

ဗိုလ်ဆောင်ဦး ပထမအကြိမ်ကျင်းပခဲ့သည့် ပြိုင်ပွဲတွင် အမိမြန်မာနိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုကို ပထမဆုံးဗိုလ်ဆောင်ဦးရယူဆွတ်ခူးပေးခဲ့သော မီတာ ၅၀၀၀ တာဝေးအပြေးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ကချင်တိုင်းရင်းသား အာဖူးနှင့် အမျိုးသမီးမီတာ ၈၀ တန်းကျော်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ဂရေစီကား၊ အမျိုးသမီးလုံးတံပစ်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ခင်ခင်ထွေး၊ အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မေမေရီ၊ အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် နော်ဖားဖယ်သာဝိတ်တန်းနှင့် မစ်ဒယ်လ်ဝိတ်တန်း အလေးမပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသည့် ထွန်းကြွယ်နှင့် မောင်ဘု၊ မီတာ ၁၀၀ နှင့် မီတာ ၂၀၀ ရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ဆု ဆွတ်ခူးပေးခဲ့သော ရွှေတံဆိပ်ဆုရှင် တင်မောင်နီ၊ ဖယ်သာဝိတ်တန်းနှင့်

- **မြန်မာအားကစားဝါသနာရှင်ပရိသတ်များကလည်း လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ အားကစားနည်းအလိုက် ဆုတံဆိပ်များဆွတ်ခူးပြီး အောင်မြင်မှုရရှိနိုင်ရန် ငံ့လင့်လျက်ရှိ**
- **ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးလက်ခံကျင်းပခဲ့သော ၁၉၅၉ ခုနှစ် ပထမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေ ၁၁ ဆု၊ ငွေ ၁၅ ဆု၊ ကြေး ၁၄ ဆုတို့ဖြင့် နိုင်ငံအလိုက် ဒုတိယရရှိခဲ့ရာတွင် ပြေးခုန်ပစ်ပြိုင်ပွဲမှ ရွှေတံဆိပ် ငါးဆု၊ အလေးမပြိုင်ပွဲမှ ရွှေတံဆိပ် နှစ်ဆု၊ လက်ဝှေ့ပြိုင်ပွဲမှ ရွှေတံဆိပ် နှစ်ဆု၊ ရေကူးပြိုင်ပွဲမှ ရွှေတံဆိပ် နှစ်ဆု ဆွတ်ခူးရယူနိုင်ခဲ့**

မစ်ဒယ်လ်ဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသည့် အောင်ထွန်းနှင့် စတန်လေမဂျစ်စသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတို့၏ ပုံရိပ်များကိုလည်း ပြန်လည်မြင်ယောင်လာမိသည်။

သို့ဖြင့် လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားနည်းများအလိုက်သာမက တစ်ခေတ်တစ်ခါက အရှိန်အဝါနှင့် သမိုင်းအစဉ်အလာကြီးမားခဲ့သော ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမနှင့် လက်ဝှေ့ အားကစားနည်းများလည်း တစ်ကျော့ပြန် ပြန်လည်အောင်မြင်စေကြောင်း ဆုမွန်တောင်းရင်း ရင်ခုန်မျှော်လင့်မိပါသည်။ ။

# မင်းဘူးမြို့ရှိ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှ ၂၀၂၆ ခုနှစ် တတိယသုံးလပတ်ထက်စော၍ ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းသည် မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှ ပထမအဆင့် ၄၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နေမှုနှင့် ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ချုပ်ဆိုထားသည့်စာချုပ်များကို ပြန်လည်စိစစ်၍ စာချုပ်ပါအတိုင်း ပြီးစီးနိုင်ရေး မြန်မြန်ဆန်ဆန် ဆောင်ရွက်သွားရန်နှင့် စာချုပ်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လာမည့် နွေရာသီအမီ ဖြစ်နိုင်ခြေရှိသော ရှိပြီးသား စီမံကိန်းများမှ ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသဖြင့် ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်ရေးပြီးစီးရန် သတ်မှတ်ထားသည့် ၂၀၂၆ ခုနှစ် တတိယသုံးလပတ်ထက်စော၍ ဓာတ်အားထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရေး မြေပြုပြင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပထမအဆင့် ၄၀ မဂ္ဂါဝပ်မှ Solar Panel များ တပ်ဆင်ထားရှိမှုနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်း နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ် (National Grid System)သို့ ချိတ်ဆက်ပို့လွှတ်ပေးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လက်ရှိအချိန်တွင် နိုင်ငံခြားသားပညာရှင်များနှင့်တွဲဖက်၍ ဓာတ်အားထုတ်လုပ်မောင်းနှင်ဆောင်ရွက်နေရသော်လည်း မိမိတို့ဝန်ထမ်းများဖြင့် ဓာတ်အားထုတ်လုပ်မောင်းနှင်ရန် လိုအပ်လာပါက ထိန်းညှိမောင်းနှင်နိုင်ရန်အတွက် ယခုအချိန်မှစပြီး ကျွမ်းကျင်မှုရှိစေရေး နည်းပညာဆိုင်ရာ အတွေ့အကြုံများရယူ၍ လေ့လာဆည်းပူးထားရန် လိုအပ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ရှိ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးတွင် မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မြို့နယ်အဆင့်များတွင် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး၊ ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေး ရည်မှန်းချက်ထား ဆောင်ရွက်ရန်နှင့် တရားမဝင်ဓာတ်အား ရယူသုံးစွဲမှုများ မရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်း၊ ဓာတ်အားလိုင်းများ တစ်လျှောက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်သွားရန်၊ မိမိတို့ဌာနအနေဖြင့် အများပြည်သူနှင့် ဆက်ဆံ၍ ဝန်ဆောင်မှုပေးနေရသည့် ဌာနဖြစ်သဖြင့် ယဉ်ကျေးပျူငှာစွာ ဆက်ဆံပြီး ပြည်သူကို အကောင်းဆုံး ဝန်ဆောင်မှုပေးရန်နှင့် မိမိတို့ဝန်ကြီးဌာန၏ ပုံရိပ်ကိုမြှင့်တင်၍ ပြည်သူလူထု လေးစားရသော ဝန်ထမ်းများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့အား ပေးအပ်ထားသောတာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားရန် လိုအပ်ပြီး ဝန်ထမ်းများ၏ ဆောင်ရွက်မှုများအပေါ် တာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လုံခြုံရေးအသိ၊ သတိဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဇူလိုင် ၂၄ ရက်က လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာ အောင်နိုင်တိုးစပါး စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မျိုးကောင်းမျိုးသန့်များ သုံးစွဲသည့် အလေ့အကျင့်ကောင်းများ ပေါ်ပေါက်လာစေရန်နှင့် လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများအား သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားကြရန် အကြံပြုဆွေးနွေးမှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သာယာဝတီခရိုင် သုံးဆယ်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အလယ်ကုန်းရိပ်သာအစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ခရိုင်တာဝန်ခံများနှင့် တွေ့ဆုံ၍ ယခုနှစ်မိုးရာသီကာလ ဆည်တမံများတွင် ရေပိုမိုသိုလှောင်နိုင်သည့်အတွက် ရေကို အကျိုးရှိစွာသုံးစွဲနိုင်ရေး၊ စိုက်ပျိုးထားသည့် မိုးစပါးနှင့် မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရေဘေးကာကွယ်ရေး တာနှင့် တမံများ၏ ဘေးကင်းလုံခြုံစိတ်ချမှုဆိုင်ရာကိစ္စရပ်များ၊ ပူပြင်းခြောက်သွေ့နွေကာလတွင် စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ သာယာဝတီခရိုင်အတွင်းရှိ စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ဆည်ရေသောက်စနစ်အတွင်း ရေသောက်ဧရိယာအလိုက် စိုက်ပျိုးသည့် သီးနှံစိုက်စွမ်းအား ပိုမိုတိုးတက်ရရှိအောင် စည်းရုံးကြိုးပမ်းဆောင်ရွက်ကြရန် စသည့်စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၇၇)စက်မှုလယ်ယာစခန်း တိုက်ကြီးမြို့သို့ ရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တိုက်ကြီးမြို့နယ်အတွင်း သီးထပ်စွမ်းအားမြှင့်မားရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လယ်ယာကဏ္ဍတွင် စက်ကိရိယာများ ပိုမိုတိုးတက်သုံးစွဲလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဌာနပိုင်လယ်ယာသုံးစက်ကိရိယာများကို အမြဲတမ်းကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းနေရန် လိုကြောင်း၊ တောင်သူပိုင်လယ်ယာသုံးစက်ကိရိယာများအား စနစ်တကျ ပြုပြင်ပေးနိုင်ရေးနှင့် လိုအပ်သော စက်အရန်ပစ္စည်းများကို အလွယ်တကူဝယ်ယူရရှိနိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးသွားကြရန် အကြံပြုဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဇဟိုဌာနခွဲ အပင်ဇီဝနည်းပညာဇဟိုဌာနသို့ ရောက်ရှိပြီး ဇီဝနည်းပညာလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကော့သောင်းမြို့၌ ဒီရေတော သစ်ပင်စိုက်ပျိုး

**ကော့သောင်း ဇူလိုင် ၂၇**

ကော့သောင်းခရိုင်သစ်တောဦးစီးဌာနမှ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၅ ရက်က ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာ၌ ကျင်းပသည်။ ဦးစွာ ဒီရေတော သစ်ပင်စိုက်ပျိုးပွဲတော်ကို ပုလုံးတုံတုံးတံတားအနီးတွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဟန်လင်းအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများကို စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများက ဒီရေတောသစ်မျိုးဖြစ်သည့် ဗြူးခြေထောက်ပင် ၁၀၀၀ ကို အတူတကွ တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)



## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော်၊ ဇူလိုင် ၂၇**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# မြန်မာစံချိန်စံညွှန်းများ ပြင်ဆင်သတ်မှတ်ခြင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၁၄၃။ | MMS ISO 2930:2024 ရော်ဘာ၊ သဘာဝရော်ဘာ ကုန်ကြမ်း - အသားသေ အညွှန်းကိန်းကို စစ်ဆေးတိုင်းတာခြင်း |
| ၁၄၄။ | MMS ISO 4079:2020 ရော်ဘာပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ -ရေ (သို့မဟုတ်) ဆီအခြေခံသော ဟိုက်ဒရောလစ် အရည်များအတွက် အသုံးပြုသည့် ချည်သား အားဖြည့်ထည့်သွင်းထားသော ရော်ဘာပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများအတွက် - စံသတ်မှတ်ချက်များ |
| ၁၄၅။ | MMS ISO 4641:2024 ရေတင်ခြင်းနှင့် ရေပို့လွှတ်ခြင်းများတွင် အသုံးပြုသော ရော်ဘာပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများအတွက် - စံသတ်မှတ်ချက်များ |
| ၁၄၆။ | MMS ISO 4660: 2020 ရော်ဘာ၊ သဘာဝရော်ဘာစိမ်း - အရောင်ညွှန်းကိန်း စမ်းသပ်ခြင်း |
| ၁၄၇။ | MMS ISO 5775-1:2023 စက်ဘီးတာယာနှင့်ဘီးခွေများ- အပိုင်း (၁)- တာယာဒီဇိုင်းများနှင့် အတိုင်းအတာများ |
| ၁၄၈။ | MMS ISO 6101-3:2022 ရော်ဘာ - Atomic absorption spectrometry နည်းလမ်းကို အသုံးပြု၍ သတ္တုပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း - အပိုင်း (၃)- ကြေးနီ (copper) ပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း |
| ၁၄၉။ | MMS ISO 6101-4:2022 ရော်ဘာ -Atomic absorption spectrometry နည်းလမ်းကို အသုံးပြု၍ သတ္တုပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း - အပိုင်း (၄)- မဂ္ဂနီ(စ်) ပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း |
| ၁၅၀။ | MMS ISO 6134:2024 ပြည့်ဝရေနွေးငွေ့နှင့်စပ်လျဉ်းသော လုပ်ငန်းများတွင် အသုံးပြုသည့် ရော်ဘာပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ - စံသတ်မှတ်ချက်များ |
| ၁၅၁။ | MMS ISO 6804:2023 အဝတ်လျှော်စက်နှင့် ပန်းကန်ဆေးစက်များတွင် အသုံးပြုသော ရော်ဘာနှင့် ပလတ်စတစ် အဝင်ပိုက်များနှင့်ပိုက်ဆက်ပစ္စည်းများ - စံသတ်မှတ်ချက်များ |
| ၁၅၂။ | MMS ISO 8789:2020 မော်တော်ယာဉ်များတွင်အသုံးပြုသော သဘာဝဓာတ်ငွေ့အရည်(LPG) များအတွက် ရော်ဘာပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများအတွက်- စံသတ်မှတ်ချက်များ |
| ၁၅၃။ | MMS ISO 11424:2023 Internal-combustion engines ၏ လေနှင့် လေဟာနယ်စနစ်များတွင် အသုံးပြုသည့်ရော်ဘာပိုက်နှင့် ပြွန်များအတွက်- စံသတ်မှတ်ချက်များ |
| ၁၅၄။ | MMS ISO/IEC 27001:2022+AMD1:2024 သတင်းအချက်အလက်လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာ ကာကွယ်မှုလုံခြုံရေး — သတင်းအချက်အလက် လုံခြုံရေးစီမံခန့်ခွဲမှုစနစ် — လိုအပ်ချက်များ - ပြင်ဆင်ဖြည့်စွက်ချက် (၁) - ရာသီဥတုပြောင်းလဲမှု |
| ၁၅၅။ | MMS ISO 7-1: 1994+COR1:2007 ဝက်အူရစ်များပေါ်တွင် Pressure-tight joint ပါသည့် ပိုက်ဝက်အူရစ်များ - အပိုင်း(၁) - အတိုင်းအတာများ၊ လက်ခံနိုင်သော ကွဲလွဲမှုများနှင့် ရွေးချယ်သတ်မှတ်မှုများ - ကျွမ်းကျင်မှုဆိုင်ရာ ပြင်ဆင်မှု(၁) |
| ၁၅၆။ | MMS ISO 68 - 1: 2023 အထွေထွေသုံးဝက်အူရစ်များ - အခြေခံဒီဇိုင်းပုံစံ သဏ္ဌာန်များ - အပိုင်း (၁) - မက်ထရစ်စနစ်ဖြင့် တိုင်းတာသော ဝက်အူရစ်များ |
| ၁၅၇။ | MMS ISO 68 - 2:2023 အထွေထွေသုံးဝက်အူရစ်များ - အခြေခံဒီဇိုင်းပုံစံသဏ္ဌာန်များ - အပိုင်း (၂) - လက်မစနစ်ဖြင့် တိုင်းတာသောဝက်အူရစ်များ |
| ၁၅၈။ | MMS ISO 262: 2023 မက်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ၊ မူလီများ၊ နပ်များအတွက် ရွေးချယ်ထားသော အရွယ်အစားများ |
| ၁၅၉။ | MMS ISO 724:2023 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံးဝက်အူရစ်များ - အခြေခံအတိုင်းအတာများ |
| ၁၆၀။ | MMS ISO 965-1:2013+AMD1:2021 အထွေထွေသုံး မက်ထရစ်စနစ်ဖြင့် တိုင်းတာသော ဝက်အူရစ်များ - လက်ခံနိုင်သောကွဲလွဲမှု - အပိုင်း (၁) - နည်းဥပဒေသများနှင့် အခြေခံအချက်အလက်များ |
| ၁၆၁။ | MMS ISO 965-2:2024 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံး ဝက်အူရစ်များ- လက်ခံနိုင်သော ကွဲလွဲမှုများ - အပိုင်း (၂)- အတွင်းရစ်နှင့် အပြင်ရစ် ဝက်အူများအတွက် အရွယ်အစားအတိုင်းအတာ ကန့်သတ်ချက်များ (M1.6 မှ M100 အထိ အရွယ်အစားများအတွက် 6H နှင့် 6g လက်ခံနိုင်သော ကွဲလွဲမှုအမျိုးအစားများနှင့် M1 to M1,4 အထိ 5H and 6H လက်ခံနိုင်သော ကွဲလွဲမှု အမျိုးအစားများ) |
| ၁၆၂။ | MMS ISO 965 - 3: 2021 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံး ဝက်အူရစ်များ - လက်ခံနိုင်သော ကွဲလွဲမှုများ - အပိုင်း (၃) - ဝက်အူရစ်များအတွက် သွေဖည်တိမ်းစောင်းနိုင်မှု ကန့်သတ်ချက် |
| ၁၆၃။ | MMS ISO 965 - 4:2025 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံး ဝက်အူရစ်များ - လက်ခံနိုင်သော ကွဲလွဲမှုများ - အပိုင်း (၄) - ဇင့်အလွှာအုပ်ပြီး အခြေအနေတွင် လက်ခံနိုင်သောကွဲလွဲမှု အနေအထား "H" သို့မဟုတ် "G" ရှိသော အတွင်းရစ်ဝက်အူများနှင့် တွဲဖက်အသုံးပြုမည့် hot-dip နည်းဖြင့် ဇင့်အလွှာအုပ်ထားသော အပြင်ရစ်ဝက်အူရစ်များအတွက် အရွယ်အစား အတိုင်းအတာ ကန့်သတ်ချက်များ |
| ၁၆၄။ | MMS ISO 965 - 5:2025 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံး ဝက်အူရစ်များ - လက်ခံနိုင်သော ကွဲလွဲမှုများ - အပိုင်း (၅) - ဇင့်အလွှာအုပ်ပြီး အခြေအနေတွင် လက်ခံနိုင်သော ကွဲလွဲမှုအနေအထား h ရှိသော အရွယ်အစားကြီးမားသော အပြင်ရစ်ဝက်အူရစ်များနှင့် တွဲဖက်အသုံးပြုမည့် hot- dip နည်းဖြင့် ဇင့်အလွှာအုပ်ထားသော အတွင်းရစ်ဝက်အူများအတွက် အရွယ်အစားအတိုင်းအတာ ကန့်သတ်ချက်များ |
| ၁၆၅။ | MMS ISO 1501:2009+AMD1:2020 အသေးစား ဝက်အူရစ်များ - ပြင်ဆင် ဖြည့်စွက်ချက် (၁) - အပြင်ရစ်ဝက်အူရစ်၏ လက်ခံနိုင်သော ကွဲလွဲမှုအပိုင်းအခြားအတွက်ပုံစံ |
| ၁၆၆။ | MMS ISO 6410-3:2021 နည်းပညာပိုင်းဆိုင်ရာ ရေးဆွဲသောပုံများ - ဝက်အူရစ်များနှင့် အရစ်ပါသော အစိတ်အပိုင်းများ- အပိုင်း (၃) - ရိုးရှင်းလွယ်ကူအောင် ပုံဖော်ရေးဆွဲခြင်း |
| ၁၆၇။ | MMS ISO 10426-1:2009+Cor1:2010+Cor2:2012 ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ရေနံတွင်းထိန်း ဘိလပ်မြေချလုပ်ငန်းသုံး ဘိလပ်မြေများနှင့် ဆက်စပ်ပစ္စည်းများ— အပိုင်း (၁) - အရည်အသွေးသတ်မှတ်ချက် — ကျွမ်းကျင်မှုဆိုင်ရာ ပြင်ဆင်မှု (၁)နှင့်(၂) |
| ၁၆၈။ | MMS ISO 13623:2017+Amd1:2024 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း — ပိုက်လိုင်းသယ်ယူပို့ဆောင်ရေးစနစ်များ - ပြင်ဆင်ဖြည့်စွက်ချက်(၁) - ကာဗွန်ဒိုင်အောက်ဆိုက် (သို့မဟုတ်) ဟိုက်ဒရိုဂျင်ပါရှိသော အရည်များ သယ်ယူပို့ဆောင်ခြင်းအတွက် ဖြည့်စွက်လိုအပ်ချက်များ |
| ၁၆၉။ | MMS ISO 13628-1:2025 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ပင်လယ်ရေအောက်ထုတ်လုပ်မှုစနစ်များ၏ ဒီဇိုင်းနှင့်လုပ်ငန်းလည်ပတ်မှု — အပိုင်း (၁) - အထွေထွေ လိုအပ်ချက်များနှင့် အကြံပြုထောက်ခံချက်များ |
| ၁၇၀။ | MMS ISO 13628-4:2010+Cor1:2011 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း —ပင်လယ်ရေအောက်ထုတ်လုပ်မှုစနစ်များ၏ ဒီဇိုင်းနှင့်လုပ်ငန်းလည်ပတ်မှု— အပိုင်း (၄) — ပင်လယ်ရေအောက် ရေနံတွင်းထိပ်ခေါင်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းသုံး ဗားဗဒေသာပစ္စည်းများ— ကျွမ်းကျင်မှုဆိုင်ရာ ပြင်ဆင်မှု(၁) |
| ၁၇၁။ | MMS ISO 13680:2024 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း—တွင်းကာပိုက်၊ ကျူပင်ပိုက်၊ကြားဆက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းအဖြစ် အသုံးပြုရန် သံချေးစားခြင်းကို ခံနိုင်ရည်ရှိသော သတ္တုစပ်ဂဟေဘာသားမပါ တစ်ဆက်တည်းရှိသည့် ထုတ်ကုန်ပစ္စည်းများ — နည်းပညာဆိုင်ရာ ပေးပို့နိုင်မှုအခြေအနေများ |
| ၁၇၂။ | MMS ISO 13702:2024 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ကမ်းလွန်ထုတ်လုပ်ရေးပစ္စည်းများ တပ်ဆင်မှုများတွင် မီးလောင်ကျွမ်းမှုနှင့် ပေါက်ကွဲမှုများ လျှော့ကျစေရေးနှင့် ထိန်းချုပ်ခြင်း — လိုအပ်ချက်များနှင့် လမ်းညွှန်ချက်များ |
| ၁၇၃။ | MMS ISO 13703-2:2023 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ကမ်းလွန်ပလက်ဖောင်းများနှင့် ကုန်းတွင်းစက်ရုံများရှိ ပိုက်လိုင်းစနစ်များ — အပိုင်း(၂) - ပစ္စည်းများ |
| ၁၇၄။ | MMS ISO 13703-3:2023 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း — ကမ်းလွန်ပလက်ဖောင်းများနှင့် ကုန်းတွင်းစက်ရုံများရှိ ပိုက်လိုင်းစနစ်များ — အပိုင်း(၃) - တီထွင်ထုတ်လုပ်ခြင်း |
| ၁၇၅။ | MMS ISO 14313:2007+Cor 1:2009 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ပိုက်လိုင်းသယ်ယူပို့ဆောင်ရေးစနစ်များ — ပိုက်လိုင်းသုံးဗားများ — ကျွမ်းကျင်မှုဆိုင်ရာ ပြင်ဆင်မှု(၁) |
| ၁၇၆။ | MMS ISO 15544:2024 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း —ကမ်းလွန် ထုတ်လုပ်ရေးပစ္စည်းများ တပ်ဆင်မှု — အရေးပေါ်တုံ့ပြန်မှုအတွက် လိုအပ်ချက်များနှင့် လမ်းညွှန်ချက်များ |
| ၁၇၇။ | MMS ISO 15589-2:2024 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ပိုက်လိုင်းသယ်ယူပို့ဆောင်ရေးစနစ်များ၏ သံချေးစားကာကွယ်မှုစနစ် (Cathodic protection) — အပိုင်း (၂) - ကမ်းလွန်ရေအောက်ပိုက်လိုင်းများ |
| ၁၇၈။ | MMS ISO 15590-1:2024 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ပိုက်လိုင်းသယ်ယူပို့ဆောင်ရေးစနစ်များအတွက် စက်ရုံထုတ် ပိုက်ကွေးများ၊ ပိုက်ဆက်ပစ္စည်းများနှင့် ဖလန်းကွင်းများ — အပိုင်း(၁) - လျှပ်စစ်ဖြင့် အပူပေး၍ ကွေးသော ပိုက်ကွေးများ |
| ၁၇၉။ | MMS ISO 15590-3:2022 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း — ပိုက်လိုင်းသယ်ယူပို့ဆောင်ရေးစနစ်များအတွက် စက်ရုံထုတ်ပိုက်ကွေးများ၊ ပိုက်ဆက်ပစ္စည်းများနှင့် ဖလန်းကွင်းများ — အပိုင်း(၃) - ဖလန်းကွင်းများ |
| ၁၈၀။ | MMS ISO 19901-2:2022 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း — ကမ်းလွန် တည်ဆောက်မှုများအတွက် သီးသန့်လိုအပ်ချက်များ— အပိုင်း (၂) - ဘူမိရူပဗေဒဆိုင်ရာ ဒီဇိုင်းလုပ်ထုံးလုပ်နည်းများနှင့် သတ်မှတ်ချက်များ |
| ၁၈၁။ | MMS ISO 19901-8:2023 ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း — ကမ်းလွန်တည်ဆောက်မှုများအတွက် သီးသန့်လိုအပ်ချက်များ— အပိုင်း (၈) - အဏ္ဏဝါ မြေဆီလွှာဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ |
| ၁၈၂။ | MMS ISO 25457:2023 ကာဗွန်စွမ်းအင်ထုတ်လွှတ်မှုနည်းသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ရေနံချက်စက်ရုံ မီးရှို့ထုတ်လွှတ်ခြင်းအတွက် အသေးစိတ်အချက်အလက်များနှင့် ရေနံဓာတုဝန်ဆောင်မှုလုပ်ငန်း |
| ၁၈၃။ | MMS ISO 28300:2008+Cor1:2009 ရေနံ၊ ရေနံဓာတုနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း — ပြင်ပလေထုဖိအားနှင့် ဖိအားနိမ့်သိုလှောင်ကန်များ၏ လေဝင်လေထွက် — ကျွမ်းကျင်မှုဆိုင်ရာ ပြင်ဆင်မှု(၁) |
| ၁၈၄။ | MMS ISO 1096:2021 အထပ်သား - အတန်းအစား ခွဲခြားခြင်း |
| ၁၈၅။ | MMS ISO 12466-1:2007+Amd 1:2013 အထပ်သား-ကော်စွဲကပ်မှုအရည်အသွေး- အပိုင်း(၁)- စမ်းသပ်မှုနည်းလမ်းများ |
| ၁၈၆။ | MMS ISO 13061-3:2014+Amd 1:2017 သစ်၏ရူပနှင့် စက်မှုဆိုင်ရာ ဂုဏ်သတ္တိ- သေးငယ်သော အနာအဆာလွတ် သစ်သားနမူနာများအတွက် စမ်းသပ် နည်းလမ်းများ-အပိုင်း(၃)-တည်ငြိမ်ကွေးညွှတ်မှုအတွက် အမြင့်ဆုံးခံနိုင်အားကို စူးစမ်းတွက်ချက်ခြင်း |
| ၁၈၇။ | MMS ISO 13061-5: 2020 သစ်၏ရူပနှင့် စက်မှုဆိုင်ရာဂုဏ်သတ္တိ — သေးငယ်သော အနာအဆာလွတ် သစ်သားနမူနာများအတွက် စမ်းသပ်မှုနည်းလမ်းများ- အပိုင်း(၅) - တည်ငြိမ်ကွေးညွှတ်မှုအတွက် အမြင့်ဆုံးခံနိုင်အားကို စူးစမ်းတွက်ချက်ခြင်း |
| ၁၈၈။ | MMS ISO 2074:2007+Amd 1:2017 အထပ်သား - ဝေါဟာရ |
| ၁၈၉။ | MMS ISO 2426-1: 2020 အထပ်သား - မျက်နှာပြင်အသွင်အပြင်အရ အတန်းအစားခွဲခြားခြင်း- အပိုင်း (၁)- ယေဘုယျစည်းမျဉ်းများ |
| ၁၉၀။ | MMS ISO 2426-2: 2020 အထပ်သား - မျက်နှာပြင်အသွင်အပြင်အရ အတန်းအစားခွဲခြားခြင်း- အပိုင်း (၂)- သစ်မာ |

*စာမျက်နှာ ၁၀ သို့*

# တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၂၇**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးဇေယျာလင်းတို့သည် တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူနှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၆ ရက် ညနေ ၄ နာရီက မကျီးပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာနှင့် မကျီးပင်ကျေးရွာများအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် ညောင်ပင်သာကျေးရွာ ရွာလယ်လမ်းခင်းကျင်းထားရှိမှု၊ နဝင်းချောင်း ကမ်းထိန်းနံရံဆောက်လုပ်မည့် နေရာနှင့် ကျေးရွာကုန်ထုတ်လမ်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍လည်းကောင်း၊ မကျီးပင်ကျေးရွာ သန့်ရှင်းသာယာလှပရေးနှင့် စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်နေမှု၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင် လေ့ကျင့်ရေးသင်တန်းကို ကြည့်ရှုအားပေးပြီး ကျေးရွာများအတွင်း လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



# နောင်ချိုမြို့ အခြေခံပညာအလယ်တန်းကျောင်းခွဲ(လောက်ဖန်း)၌ ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ကျောင်းပြန်လည်တက်ရောက်ကြမည့်ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် နောင်ချိုမြို့ရှိ အခြေခံပညာအလယ်တန်းကျောင်း (လောက်ဖန်း)၌ ပြုလုပ်ရာ တပ်မတော်မှ တာဝန်ရှိသူများ၊ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်မှူးကြီး မြင့်ဟိန်းက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ချီးမြှင့်ပေးအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ် စုံ ၁၅၀၊ ခဲတံ ဒါဇင် ၅၀၊ ဘောပင် အချောင်း ၃၀၀နှင့် ကျောင်းဝတ်စုံ ၁၅၀ တို့ကို ပေးအပ်ချီးမြှင့်ကြရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရန်နှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ခဲ့သည့် နောင်ချိုမြို့မှ ကျောင်းသား ကျောင်းသူများသည်လည်း အခြားအေးချမ်းသည့်ဒေသများရှိ ကျောင်းသား ကျောင်းသူများနည်းတူ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆင်ကူးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၉၆၀၄ ဧကရှိသော နယ်မြေကို **"ဆင်ကူးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၇၃/၂၀၂၅)အရ ၁၃၈၇ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၃) ရက်၊ (၂၀၂၅ ခုနှစ်၊ဇူလိုင်လ ၂၂ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန် စသောရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့်ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ဆင်ကူးကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိက သစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျနဲ၊ မဒမ၊ ပင်လယ်အုန်း စသည့်သစ်မျိုးများနှင့် သရော၊ နံဖြူး(ငှက်)နှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတော သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုပ်ငှက်၊ ရေညှောင့်နှုတ်ဝိုင်းငှက်၊ တင်ကြီးငှက်၊ ငှက်တုံးငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များ ရှင်သန်ပေါက်ပွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



*စာမျက်နှာ ၉ မှ*

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
| --- | --- |
| ၁၉၁။ | MMS ISO 3129:2019 သစ်—သေးငယ်သော အနာအဆာလွတ်သစ်သား နမူနာများအတွက် ရုပ်ပိုင်းနှင့် စက်မှုဆိုင်ရာ စမ်းသပ်မှုများအတွက် နမူနာကောက်ယူခြင်းနည်းလမ်းများနှင့် အထွေထွေလိုအပ်ချက်များ |
| ၁၉၂။ | MMS ISO 4556:2023 သစ်ကြမ်းခင်းတုံးထုတ်ရန် ကုန်ကြမ်းသစ် — ယေဘုယျ/ အခြေခံကြန်အင်သွင်ပြင်လက္ခဏာများ |
| ၁၉၃။ | MMS ISO 4562:2023 သစ်ကြမ်းခင်းတုံး — အတန်းအစား ခွဲခြားခြင်း |
| ၁၉၄။ | MMS ISO 8375:2017 သစ်သားထည်များ– ကော်ကပ်သစ်သား –ရုပ်ပိုင်းနှင့် စက်မှုဆိုင်ရာ စူးစမ်းတွက်ချက်ခြင်းအတွက် စမ်းသပ်မှုနည်းလမ်းများ |
| ၁၉၅။ | MMS ISO 8903:2016 ရွက်ကြွေသစ်မျိုးသစ်ခွဲသား – အခြေခံအရွယ်အစားများ |
| ၁၉၆။ | MMS ISO 9098–2:2023 အိမ်တွင်းသုံး နှစ်ထပ်ခုတင်များနှင့် ခုတင်အမြင့်များ — ဘေးကင်းလုံခြုံမှု လိုအပ်ချက်များနှင့် စမ်းသပ်မှုများ – အပိုင်း(၂) – စမ်းသပ်မှုနည်းလမ်းများ |
| ၁၉၇။ | MMS ISO 4126–10:2024 ဖိအားပိုမိုခြင်းအား ကာကွယ်မှုဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး ပစ္စည်းကိရိယာများ –အပိုင်း(၁၀) – အရည်နှင့်အငွေ့နှစ်မျိုးသုံး အန္တရာယ်ကင်းရှင်းရေးဗားနှင့် ပေါက်ထွက်ခြင်းဖြင့် ဖိထားထိန်းပေးသည့် အဝိုင်းပုံကိရိယာတို့၏ အရွယ်အစားသတ်မှတ်ခြင်း |
| ၁၉၈။ | MMS ISO 105–A02:1993+Cor 2:2005 အထည်အလိပ်များ– အရောင်ခိုင်အား စမ်းသပ်ခြင်းများ– အပိုင်း(A02)– ဂရေးစကေးအသုံးပြု၍ အရောင်ပြောင်းလဲမှုကို အကဲဖြတ်ခြင်း |
| ၁၉၉။ | MMS ISO 105–A05:1996+ Cor 2:2005 အထည်အလိပ်များ– အရောင်ခိုင်အား စမ်းသပ်ခြင်းများ– အပိုင်း (A05)– ဂရေးစကေးတန်ဖိုးကို ဆုံးဖြတ်ရန်အတွက် အရောင်ပြောင်းခြင်းဆိုင်ရာ စမ်းသပ်ကိရိယာဖြင့် အကဲဖြတ်ခြင်း |
| ၂၀၀။ | MMS ISO 139:2005+Amd 1:2011 အထည်အလိပ်များ– စမ်းသပ်စစ်ဆေးမှု မပြုမီနှင့် စမ်းသပ်စစ်ဆေးစဉ်အတွင်း ရှိရမည့် စမ်းသပ်ခန်း၏ စံအပူချိန်နှင့် စိုထိုင်းဆ |
| ၂၀၁။ | MMS ISO 12947–1:1998+ Cor 1:2002 အထည်အလိပ်များ– Martindale method ကို အသုံးပြု၍ ပိတ်စများ၏ ပွန်းပဲ့မှုခံနိုင်အားကိုရှာခြင်း– အပိုင်း (၁)– Martindale စမ်းသပ်ကိရိယာဖြင့် ရှာခြင်း |
| ၂၀၂။ | MMS ISO 13937–1:2000+ Cor 1: 2004 အထည်အလိပ်များ– ပိတ်စများ၏ စုတ်ပြဲမှုခံနိုင်ရည်သတ္တိ– အပိုင်း (၁) – ballistic pendulum method (Elmendorf) ကို အသုံးပြု၍ စုတ်ပြဲမှုခံနိုင်ရည်ဝန်အားကိုရှာခြင်း |
| ၂၀၃။ | MMS ISO 1833–4:2023 အထည်အလိပ်များ– အရေအတွက်ဆိုင်ရာ ဓာတုဗေဒဆန်းစစ်သုံးသပ်ချက်များ– အပိုင်း(၄)– ပရိုတင်းအမျှင်များနှင့် အခြားအမျှင်အရောများ (ဟိုက်ပိုကလိုရိုက် အသုံးပြုသောနည်းလမ်း) |
| ၂၀၄။ | MMS ISO 3758:2023 အထည်အလိပ်များ– သင်္ကေတများကို အသုံးပြု၍ အထည်အလိပ်ပစ္စည်းများအတွက် သတိပြုရမည့် အညွှန်းကုဒ်ကပ်ခြင်း |
| ၂၀၅။ | MMS ISO 6330:2021 အထည်အလိပ်များ– အထည်အလိပ်ပစ္စည်းများကို အိမ်သုံးရေလျှော်ခြင်း/ အခြောက်လှန်းခြင်းတို့အတွက် စမ်းသပ်မှုနည်းလမ်းများ |
| ၂၀၆။ | MMS ISO 7211–2:2024 အထည်အလိပ်များ – ရက်လုပ်ထားသော အထည်များ၏ အထည်သားတည်ဆောက်ပုံအား စစ်ဆေးသည့်နည်းလမ်းများ– အပိုင်း(၂) –တစ်ယူနစ်အလျား အတိုင်းအတာအတွင်းရှိ ချည်ပင်အရေအတွက်အားတိုင်းတာခြင်း |
| ၂၀၇။ | MMS ISO/IEC 17030:2021 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း --- တတိယအဖွဲ့ (Third Party) ၏ အရည်အသွေးကိုက်ညီမှု အမှတ်အသားအတွက် အထွေထွေလိုအပ်ချက်များ |
| ၂၀၈။ | MMS ISO/IEC 17043:2023 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း --- ဓာတ်ခွဲခန်းများ ကျွမ်းကျင်မှုစစ်ဆေးခြင်းအတွက် အထွေထွေလိုအပ်ချက်များ |
| ၂၀၉။ | MMS ISO/IEC 27006–1:2024 သတင်းအချက်အလက်နည်းပညာ – လုံခြုံရေးနည်းစနစ်များ– သတင်းအချက်အလက်လုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ |

# EV သင်တန်းများကို ပြင်ပ EV လုပ်ငန်းရှင်များ၏ နည်းပညာလိုအပ်ချက်များနှင့်အညီ တိုးချဲ့ဖွင့်လှစ်သွားရန်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း(၂/၂၀၂၅) ဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက်က အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက EV နည်းပညာကဏ္ဍတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ နောက်ကျမကျန်ခဲ့ရအောင် နည်းပညာအသစ်အဆန်းများကို အစဉ်လေ့လာကြိုးပမ်းဆောင်ရွက်သွားရန်၊ သင်တန်းများကို စံနှုန်းများနှင့်အညီ ဖွင့်လှစ်ကာ ကျွမ်းကျင်သူများအား စဉ်ဆက်မပြတ်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ EV သင်တန်းများကို ပြင်ပ EV လုပ်ငန်းရှင်များ၏ နည်းပညာလိုအပ်ချက်များနှင့်အညီ တိုးချဲ့ဖွင့်လှစ်သွားရန်ရှိကြောင်း၊ ပြည်သူများ၏ လက်ဝယ်အရောက် EV အသိပညာဖြန့်ဝေမှုများကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်သွားရေး ဌာနဆိုင်ရာများနှင့် EV ပြင်ပအဖွဲ့အစည်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ကျောင်းအုပ်ကြီးက သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသားတစ်ဦးက သင်တန်းသားများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။




အဆိုပါ EV ပြုပြင်ထိန်းသိမ်းမှုသင်တန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ UNR 100၊ ဗို့အားမြင့်မောင်းနှင်ခြင်းစနစ်၊ ဘက်ထရီနည်းပညာ၊ ထိန်းချုပ်စနစ်၊ Special Hand Tools ကိုင်တွယ်အသုံးပြုပုံ၊ ပြစ်ချက်ပြဿနာရှာဖွေခြင်းနှင့် စမ်းသပ်ခြင်း၊ Traction Battery ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်း၊ Electrical Power Train စနစ် ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်းဆိုင်ရာ လက်တွေ့လုပ်ငန်းများကို အဆင့်မြင့်သင်ထောက်ကူမော်ကျူးများဖြင့် ဇူလိုင် ၇ ရက်မှ ၂၅ ရက်အထိ သင်တန်းကာလ သုံးပတ်အတွင်း တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် ၆ နာရီနှုန်းဖြင့် ပို့ချခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ EV ကုမ္ပဏီများမှ သင်တန်းသား ၁၇ ဦးနှင့် ဌာနများမှ သင်တန်းသား ခြောက်ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များအကြား နားလည်မှုစာချွန်လွှာရေးထိုးမှု (၁၉)ခု ရေးထိုးထားပြီး ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၂၇**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့ကျိုးပြည်နယ် ကွေ့ရမ်မြို့၌ကျင်းပသည့် ၂၀၂၅ ခုနှစ် တရုတ် - အာဆီယံပညာရေး ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ်အခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ တရုတ် - အာဆီယံ ပညာရေး ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ် အခမ်းအနား တက်ရောက်လာကြသည့် နိုင်ငံအလိုက် အဆင့်မြင့်အရာရှိကြီးများက စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက "Smart Education Empower–ing people to people Exchanges and Educational Cooperation " ခေါင်းစဉ်ဖြင့် ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ပညာရေးသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်း သာယာဝပြောရေး၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟု အခိုင်အမာ ယုံကြည်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များအကြား နားလည်မှု စာချွန်လွှာ(MoU) ရေးထိုးခြင်းသည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအကြား အသိပညာဖလှယ်ခြင်း၊ သုတေသန ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နည်းပညာဖလှယ်ခြင်းတို့အတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များအကြား နားလည်မှုစာချွန်လွှာရေးထိုးမှု(၁၉)ခု ရေးထိုးထားပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြောကြားပြီး ဒုတိယဝန်ကြီးနှင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် "Industry – Education for Development" ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသော အာဆီယံနိုင်ငံများ၏ ပညာရေးအဆင့်မြင့် အရာရှိကြီးများက တက္ကသိုလ်များမှ ထူးချွန်သူများအား ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့မှ မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဘဟန်က "Teacher Exchange and Cooperation" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဆင်ပေါင်ဝဲမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့၌ မြို့နယ်လျှပ်စစ်မှူးနှင့် ဝန်ထမ်းများသည် ယမန်နေ့က ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရန် မြို့နယ်စည်ပင်သာယာရေးဈေးတွင် ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ဥတုရာသီ တောကိုမှီ၏။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်စဉ်(၈ / ၂၀၂၅)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၆၆ ပုဒ်မခွဲ (က)၊ ၁၉၉၁ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပါဝင်ချုပ်ဆိုထားခဲ့သော ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၈၊ ၂၉၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉ ခုနှစ်) ပုဒ်မ ၄၆၊ ၄၇ နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၆ တို့တွင် ပညာသင်ယူခွင့်နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားရှိပါသည်။

၂။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ လူငယ်သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူများ၊ လူငယ်သင်တန်း ကျောင်းများမှ ကလေးသူငယ်များ၏ ပညာသင်ယူခွင့် အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ကြည့်ရှုစစ်ဆေးစဉ် တက္ကသိုလ်ဝင်တန်းပညာရေး ဆက်လက်သင်ယူလိုသည့် အကျဉ်းသား၊ အကျဉ်းသူများရှိပါက သက်ဆိုင်ရာဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပြု တိုက်တွန်းလျက်ရှိပါသည်။

၃။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်စာရင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် အကျဉ်းဦးစီးဌာနအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦးနှင့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၆ ဦး၊ စုစုပေါင်း အကျဉ်းသား ၁၆ ဦး အောင်မြင်ခဲ့ပါသည်။ အောင်မြင်သူများတွင် ၃ ဘာသာ ဂုဏ်ထူးရှင် ၆ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၄ ဦးနှင့် ၁ ဘာသာ ဂုဏ်ထူးရှင် ၄ ဦး ပါဝင်ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ၁ ဦး၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ ၁ ဦး၊ အမျိုးသမီးကလေးများသင်တန်းကျောင်း မန္တလေးမှ ၁ ဦး၊ လားရှိုးလူငယ်သင်တန်းကျောင်းမှ ၁ ဦး၊ လပွတ္တာ လူငယ့်အားမာန် သင်တန်းကျောင်းမှ ၁ ဦး၊ စုစုပေါင်း သင်တန်းသား ၅ ဦးလည်း ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်သူ အကျဉ်းထောင်များရှိ အကျဉ်းသား၊ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များ၏ တက္ကသိုလ်ဝင်တန်း အောင်မြင်မှုအပေါ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ အကျဉ်းသား၊ အကျဉ်းသူများနှင့် သင်တန်းသားများ၏ ပညာသင်ယူခွင့် အခွင့်အရေးဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်**

# နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ(လောက်ဖန်း)တို့၌ ကျောင်းအပ်စတင်လက်ခံ၊ နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများ ပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားမိဘပြည်သူများကလည်း ပူးပေါင်းပါဝင်ပေးလျက်ရှိရာ ယနေ့တွင်လည်း နောင်ချိုမြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ (လောက်ဖန်း) တို့၌ ကျောင်းအပ်စတင်လက်ခံခြင်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံခဲ့ရာ ယနေ့ အဆိုပါကျောင်းများ၌ လာရောက် ကျောင်းအပ်နှံသူ ကျောင်းသား ကျောင်းသူ ၁၀၅ ဦးရှိပြီး ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများ အတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများ ထံသို့ တစ်ပါတည်း ပေးအပ်ကြသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာနှင့် သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အခြားလိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ထို့အတူ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင် မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၇၂ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY– PDF အမည်ခံအဖွဲ့ဝင် ၁၃ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် ဇူလိုင် ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် MDY–PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် ၁၃ ဦးသည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် MDY–PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် MDY–PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၁၃ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် မန္တလေးမြို့ရှိ နယ်မြေခံတပ်ခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် MDY–PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်း အပ်နှံပေးသည်။



ထို့နောက် ၎င်းတို့အား တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ယနေ့အထိ TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY–PDF အဖွဲ့ဝင် ၅၂ ဦး စုစုပေါင်း ၉၇ ဦးတို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

ထိုသို့ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း အခုလိုပဲ ကြားသိရပါသည် –



MDY–PDF အကြမ်းဖက်အဖွဲ့ထဲကို ရောက်သွားရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းက အလုပ်သွားလုပ်မယ်ဆိုပြီး လိမ်ခေါ်သွားပါတယ်။ လိမ်ခေါ်သွားတဲ့အခါမှာ မိုင်းလုံကိုရောက်ပါတယ်။ မိုင်းလုံရောက်တဲ့အခါမှာ အကြမ်းဖက်သင်တန်း တက်ရမယ်။ မတက်ချင်ဘူး အိမ်ပဲပြန်ချင်တယ်ပြောတော့ မင်းမတက်ရင် သတ်ပစ်မယ်။ မင်းမိဘတွေကိုလည်း သတ်ပစ်မယ်လို့ခြိမ်းခြောက်တယ်။ အဲဒါကြောင့် သင်တန်းတက်ခဲ့ရတယ်။ သင်တန်းကာလမှာ ခက်ခဲတာတွေလည်းရှိတယ်။ ပင်ပန်းတာတွေလည်း ရှိတယ်။ ခွဲခြားပြီး ဆက်ဆံခံရတာတွေလည်းရှိတယ်။ အစားအသောက်ဆိုရင်လည်း ကောင်းကောင်းမွန်မွန်မကျွေးဘူး။ အငတ်ထားတာတွေလည်း ရှိတယ်။ ဒီလိုနဲ့ အကြမ်းဖက်သင်တန်းကို ကျော်ဖြတ်ပြီး သင်တန်းဆင်းခဲ့တယ်။ သင်တန်းဆင်းဆင်းချင်း ရှေ့တန်းကိုတန်းပို့တယ်။ ရှေ့တန်းတန်းပို့တဲ့အခါမှာ ငါးလုံးပြွန်ဘက်မှာ တာဝန်ကျတယ်။ တာဝန်ကျတဲ့အချိန်မှာ တပ်မတော်ဘက်မှ အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတဲ့အခါ ကျွန်တော်တို့ လူအင်အား/ လက်နက်အင်အားမမျှလို့ အကြမ်းဖက်အဖွဲ့ထဲက အကြီးအကဲတွေကို နောက်ဆုတ်ချင်တယ်လို့ လှမ်းပြီးပြောတယ်။ မင်းတို့ ဆုတ်လို့မရဘူး။ ဆုတ်ရင် မင်းတို့ကို သတ်ပစ်မယ်ဆိုပြီး ခြိမ်းခြောက်တော့ ကျွန်တော်တို့လည်း အဲဒီအတိုင်းပဲနေခဲ့ရတယ်။ တဖြည်းဖြည်းနဲ့ အဲဒီအဖွဲ့အစည်းကို စိတ်ပျက်လာပြီး ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး တိုင်ပင်ကြတယ်။ တပ်မတော်ထဲ အလင်းဝင်ဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ သူတို့ကလည်း ပြောတယ်။ တပ်မတော်ဘက်သားတွေ သူတို့နဲ့လာပြီး ပူးပေါင်းပါ။ လာပူးပေါင်းရင် ဆုကြေးငွေလည်းချီးမြှင့်မယ်။ ကောင်းကောင်းမွန်မွန် လည်း ကြိုဆိုမယ်။ တကယ့်တကယ် ပူးပေါင်းလာတဲ့အခါမှာ နွေးနွေးထွေးထွေး ကြိုဆိုတာလည်းမရှိဘူး။ ကောင်းကောင်းမွန်မွန် ဆက်ဆံတာလည်း မရှိဘူး။ ဆုကြေးငွေ ချီးမြှင့်တာလည်းမရှိဘူး။ သေနတ်တွေယူပြီး သတ်ပစ်လိုက်တာပဲ တွေ့ခဲ့ရတယ်။ PDF အကြမ်းဖက် အဖွဲ့အစည်းက ခေါင်းဆောင်တွေက ကျွန်တော်တို့ကိုလည်းပြောတယ်။ မင်းတို့လည်း ဒီလိုပဲ တပ်မတော်ဘက်ကို အလင်းဝင်မယ်ဆိုရင် နှိပ်စက်ညှဉ်းပန်းပြီးတော့ အသတ်ခံရမှာလို့ပြောတဲ့ အတွက်ကြောင့်

*စာမျက်နှာ ၁၃ သို့*



KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယုတ်မာရက်စက်လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယုတ်မာရက်စက်လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား နယ်မြေခံတပ်ဆေးခန်း၌ ဆေးကုသမှုပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

◆ *ကျော့ဖုံးမှ*

ဖြစ်စဉ်ဖြစ်ပွားမှုအား သိလျှင်သိချင်း တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီး အဆိုပါကျေးရွာသို့ သွားရောက်၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဇူလိုင် ၂၅ ရက် နံနက် ၁ နာရီခန့်တွင် ကျေးရွာ၏ အနောက်မြောက်ဘက်နှင့် အရှေ့ဘက်တို့မှ ဝင်ရောက်လာပြီး ကျေးရွာအတွင်းမှ လူမမည် ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများအပါအဝင် အပြစ်မဲ့ရွာသူ၊ ရွာသားများအား လက်နက်ငယ်များဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ဓားများဖြင့် ခုတ်ဖြတ်သတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့ သတ်ဖြတ်ခဲ့မှုကြောင့် အသက်၁၀လသားအရွယ်ကလေးငယ်တစ်ဦး၊ အသက် ၃ နှစ်အရွယ်ကလေးငယ် နှစ်ဦး၊ အသက် ၄ နှစ်အရွယ်ကလေးငယ် တစ်ဦး၊ အသက် ၆ နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အသက် ၇ နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အသက် ၁၀ နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၃ ဦး သေဆုံးခဲ့ပြီး အသက် ၃ နှစ်အရွယ် ကလေးငယ် တစ်ဦး၊ အသက် ၁၀ နှစ်အရွယ် ကလေးငယ် တစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသား သုံးဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၅ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ရွာသူ၊ ရွာသားများက ထုံးတမ်းအစဉ်အလာများနှင့်အညီ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ပြီး ဒဏ်ရာရရှိခဲ့သူများအား နယ်မြေခံတပ်ဆေးခန်းသို့ ပို့ဆောင်၍ဆေးကုသမှုခံယူစေလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်၍ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသော အပြစ်မဲ့ရွာသူ၊ ရွာသားများအား ယခုကဲ့သို့ ဆင်ခြင်တုံတရားမဲ့စွာဖြင့် လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားမဲ့စွာ ဥပဒေမဲ့လုပ်ဆောင်ခဲ့မှုအပေါ် ဒေသခံပြည်သူများက ဝိုင်းဝန်းကန့်ကွက် ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများအား ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ထိခိုက်ဒဏ်ရာရရှိခဲ့သူများ၏ ပြန်လည်ပြောပြခဲ့သည့် စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်–



**၁။ အမျိုးသမီး**

လပတ်ရွာမှာ နေတာပါ။ ကျွန်မတို့အိမ်မှာ လူတွေအားလုံးဝိုင်းစုနေတဲ့အချိန်မှာ သောင်းကျန်းသူတွေ ပစ်ခတ်ပြီးတော့ ဝင်လာပြီး ကျွန်မတို့ကို ဆွဲထုတ်သွားပါတယ်။ ယောကျ်ားလေးတွေကို လက်ပြန်ကြိုးတုပ်၊ ကျွန်မတို့ရှေ့မှာပဲ ကလေးတွေရော၊ ကျွန်မသားလေးကိုပါ သေနတ်နဲ့ပစ်၊ ဓားနဲ့ခုတ်သွားပါတယ်။ အဲဒီကနေအထက်ပိုင်းကို ခေါ်သွားပြီးတော့ နာရီဝက်တစ်နာရီလောက်မှာ ကျွန်မတို့ကိုထားခဲ့လို့ ကျွန်မတို့ကို တပ်မတော်က လာခေါ်ပြီးတော့ ဆေးရုံတင်ပေးခဲ့ပါတယ်။



**၂။ အမျိုးသမီး**

လပတ်ရွာမှာ နေပါတယ်။ အကြမ်းဖက်သမားတွေ ဝင်လာပါတယ်။ သူတို့ပစ်ခတ်ပြီး ကျွန်မတို့မိသားစု အကုန်လုံးကို ဖမ်းခေါ်သွားပါတယ်။ ယောကျ်ားတွေကိုတော့ ကြိုးတုပ်ခေါ်သွားပါတယ်။ ကလေးတွေနဲ့ မိန်းမတွေကိုတော့ ဒီအတိုင်းပဲ ခေါ်သွားပါတယ်။ သမီးတို့ကို ဒီအတိုင်း ထိုင်ခိုင်းပြီးတော့ ဓားတွေနဲ့လည်းခုတ်၊ သေနတ်တွေနဲ့လည်း ပစ်ပါတယ်။ သမီးလေးကို သေနတ်နဲ့ပစ်လို့ ဒီအတိုင်းပဲ လက်နဲ့ကာလိုက်ပါတယ်။ ကျွန်မလက်ကိုလည်း ထိသွားပါတယ်။ ကျွန်မ ရင်ခွင်ထဲက ၁၀ လသားကလေးလည်း သေသွားပါတယ်။ အဲဒီကနေ ကျွန်မတို့ကို အထက်ပိုင်းကို ခေါ်သွားပါတယ်။ ခေါ်သွားပြီးတော့ နွားတင်းကုပ်ထဲမှာ ထားပါတယ်။ ထားပြီးနာရီဝက် တစ်နာရီလောက်ကြာတော့ တပ်မတော်က ကျွန်မတို့ကို ကယ်ထုတ်သွားပါတယ်။ ဆေးရုံကိုလည်း တင်ပေးခဲ့ပါတယ်။





KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယုတ်မာရက်စက်လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**၃။ အမျိုးသမီး**

လပတ်ရွာမှာ နေထိုင်ပါတယ်။ အကြမ်းဖက်အဖွဲ့တွေက သေနတ်တွေနဲ့ ပစ်တဲ့အချိန်မှာ ကျွန်မတို့ရွာသားတွေက ပြေးပြီးတော့ အဖွားခင်မြအိမ်မှာ စုဆောင်းပြီးနေတဲ့ အချိန်အခါမှာ အကြမ်းဖက်အဖွဲ့တွေက ဝင်လာပြီးတော့ ကျွန်မတို့အဖွဲ့တွေကို ခေါ်ထုတ်သွားပြီး တစ်အိမ်မှာထားပြီးတော့ ယောကျ်ားသားတွေကိုကြိုးတွေနဲ့တုပ်၊ သေနတ်တွေနဲ့လည်းပစ် ဓားတွေနဲ့လည်းခုတ် သေတဲ့သူတွေလည်းသေ၊ ဒဏ်ရာရသူတွေလည်းရ ဖြစ်ကြပါတယ်။ အဲဒီကနေ ဟိုးအထက်ပိုင်းက နွားတင်းကုပ်ကို ခေါ်သွားပြီး တော်တော်လေး ကြာအောင်ထားပြီး သူတို့လည်းပြန်သွားပြီးတော့ ကျွန်မတို့ကို တပ်မတော်က လာခေါ်သွားလို့ ဆေးရုံရောက်ခဲ့ပါတယ်။

**သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

ကျွန်တော်တို့လည်း အလင်းဝင်ဖို့ တွန့်ဆုတ်သွားခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့ရှေ့က အလင်းဝင်သွားတဲ့ သူငယ်ချင်းတွေကို ချိတ်ဆက် စုံစမ်းကြည့်တော့ သားကြီးရတယ်။ လာခဲ့။ အားလုံးအဆင်ပြေတယ်ပြောလို့ ကျွန်တော်တို့တွေလည်း အလင်းဝင်လာခဲ့တယ်။ တကယ်တမ်း အလင်းဝင်တဲ့အခါမှာလည်း တပ်မတော်က ကျွန်တော်တို့ကို နွေးထွေးစွာ ကြိုဆိုတယ်။ ကောင်းမွန်စွာ ဆက်ဆံတယ်။ မိဘတွေဆီကိုလည်း ကောင်းမွန်စွာ ပြန်လည်အပ်နှံပေးတယ်။ ကျွန်တော်တို့ အဲဒီမှာ တွေ့ကြုံလာရတာကတော့ အကြမ်းဖက် အဖွဲ့အစည်းခေါင်းဆောင်တွေက ပြည်သူလူထုအတွက် ပြည်သူလူထုအတွက် ပြောပြီးတော့ ကျွန်တော်တို့ကို အလုပ်တွေခိုင်းတယ်။ တကယ့်တကယ် ကျွန်တော်တို့ ရှေ့တန်းမှာ တိုက်နေရတာကျတော့ ဘယ်သူ့အတွက်တိုက်လို့ တိုက်နေရမှန်း မသိဘူး။ တကယ်တမ်း မြေပြင်မှာ ဝင်ရောက်ခဲ့တဲ့ မြို့နယ်တွေ/ ကျေးရွာတွေမှာရှိတဲ့ ပြည်သူတွေရဲ့ တန်ဖိုးရှိပစ္စည်းတွေ၊ စားနပ်ရိက္ခာတွေကိုလည်း အတင်းအဓမ္မယူခိုင်းတယ်။ လူသစ်စုဆောင်းတာတွေလည်း လုပ်ခိုင်းတယ်။ မလိုက်ချင်ဘူးငြင်းလို့ရှိရင် ဒလန်လို့စွပ်စွဲပြီး သတ်ဖြတ်ခဲ့တာတွေကိုလည်း မြင်တွေ့ခဲ့ရတယ်။ အဲဒီလို သူတို့ရဲ့ မကောင်းတဲ့ လုပ်ရပ်တွေ၊ မကောင်းတဲ့ အကျင့်စရိုက်တွေ၊ ပြည်သူတွေကို စော်ကားမော်ကား ပြုလုပ်တာတွေကြောင့် မကောင်းတာတွေပဲ လုပ်တဲ့ အကြမ်းဖက်အဖွဲ့အစည်းထဲမှာ မနေချင်တော့တာကြောင့် တပ်မတော်ထံ အလင်းဝင်ခဲ့တာ ဖြစ်တယ်။ ကျွန်တော် နောက်ဆုံးပြောချင်တာကတော့ တောထဲမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေ သူများပြောစကားကို နားမယောင်ဘဲ ဥပဒေဘောင်အတွင်းကို ပြန်လည် ဝင်ရောက်လာပါ။ တပ်မတော်ထံ အလင်းဝင်ပါလို့ ဖိတ်ခေါ်အပ်ပါတယ်။

**သတင်းစဉ်**

## မြကန်သာရောင်းဝယ်ရေးသမအသင်း နှစ်ပတ်လည်စည်းဝေး

**ဘီးလင်း ဇူလိုင် ၂၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် မြကန်သာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ယခုဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၁ ရက်က ကန်သာယာရပ်ကွက်ရှိ အသင်းတည်ရှိရာရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ အတွင်းရေးမှူးတို့က အသင်း၏ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခြင်းနှင့် အသင်းသား ၂၅ ဦးအတွက် အသင်းသား ချီးမြှင့်ငွေများ ပေးအပ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဂါဇာဒေသတွင် အစ္စရေးက ပစ်ခတ်တိုက်ခိုက်မှုများ ယာယီရပ်နားမည်

**ဂျေရုဆလင် ဇူလိုင် ၂၇**

ဇူလိုင် ၂၇ ရက်တွင် ဂါဇာဒေသ၌ ပစ်ခတ်တိုက်ခိုက်မှုများ ယာယီရပ်စဲရန် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဇူလိုင် ၂၆ ရက် ညပိုင်းက ဆုံးဖြတ်ခဲ့သည်ဟု အစ္စရေးမီဒီယာတွင် ဖော်ပြထားသည်။

အစ္စရေး ဝန်ကြီးချုပ်က ကာကွယ်ရေးဝန်ကြီး အစ္စရေးခတ်ဇ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဂီဒီယွန်ဆာတို့ အပါအဝင်အခြားသော အဆင့်မြင့်အရာရှိကြီးများနှင့်တိုင်ပင်ပြီးနောက် အထက်ပါအတိုင်း ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်ဟု အစ္စရေးနိုင်ငံပိုင် ခန်တီဗွီတွင် ဖော်ပြထားသည်။

ဂါဇာဒေသ အခြေအနေနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ဖိအားများကို တုံ့ပြန်ရန် ရည်ရွယ်၍ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ဇူလိုင် ၂၆ ရက် နှောင်းပိုင်းတွင် ဂါဇာဒေသသို့ လေကြောင်းမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ချထားခြင်းကိုပြန်လည်စတင်မည်ဟု အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ဇူလိုင်၂၆ ရက်တွင် ပြောသည်။



ထိုစဉ် ဂါဇာမြောက်ပိုင်းဒေသနေရာအနှံ့၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လေကြောင်းမှ ချထားပေးခြင်းကို ပြန်လည်စတင်နေပြီဟု ပါလက်စတိုင်း သတင်းအရင်းအမြစ်များနှင့် မျက်မြင်သက်သေများက ပြောသည်။

ဂါဇာဒေသ၌ အခြေအနေများ ဆိုးရွားလာမှုကို လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများက သတိပေးမှုများ ပြုလုပ်ခဲ့ပြီးနောက် အခြေအနေ တိုးတက်လာခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ၌ တစ်လအတွင်း မိုးရွာသွန်းမှုနှင့်ဆက်စပ်သော ဖြစ်ရပ်များကြောင့် လူပေါင်း ၂၇၁ ဦးခန့် သေဆုံး

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၇**

ပါကစ္စတန်နိုင်ငံ၌ ဇွန် ၂၆ ရက်မှ စတင်ကာ မိုးရွာသွန်းမှုဆက်စပ်သော ဖြစ်ရပ်များကြောင့် လူပေါင်း ၂၇၁ ဦးခန့် သေဆုံးပြီး ၆၅၅ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ပြောသည်။



ထိခိုက် သေဆုံးမှုများမှာ နေအိမ်ပြိုကျခြင်း၊ ရေကြီးရေလျှံခြင်း၊ ရေနစ်မြုပ်ခြင်း၊ မိုးကြိုးပစ်ခတ်ခြင်းများ အပါအဝင် မုတ်သုံမိုးရွာသွန်းမှုနှင့် ဆက်စပ်သော ဖြစ်ရပ်များကြောင့် ဖြစ်ကြောင်း ဇူလိုင် ၂၆ ရက်က အင်န်ဒီအမ်အေ၏ နောက်ဆုံးအခြေအနေ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် အခြေအနေများကို စောင့်ကြည့်ရန်၊ ကယ်ဆယ် ရေးကြိုးပမ်းအားထုတ်မှုများ ပေါင်းစပ်ညှိနှိုင်းရန်အတွက် ပြည်နယ်ဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့များနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အင်န်ဒီအမ်အေက ပြောသည်။ **ဆင်ဟွာ**

# တူကီယဲနိုင်ငံ၌ ကြီးမားသည့်တောမီးလောင်မှုကြောင့် ဒေသခံများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**အစ္စတန်ဘူလ် ဇူလိုင် ၂၇**

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ဇူလိုင် ၂၆ ရက်က ကြီးမားသည့် တောမီးလောင်မှု နှစ်ကြိမ်ဖြစ်ပွားသဖြင့် ဒေသခံများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြရသည်။ လေပြင်းများ တိုက်ခတ်မှုကြောင့် လူနေရပ်ကွက်များဆီသို့ မီးတောက်များ ရွှေ့လျားကာ လမ်းများပေါ်တွင်လည်း ယာဉ်ကြောပိတ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ကက်စ်တယ်နှင့် ဂါဆူခရိုင် အကြား ဘာဆာပြည်နယ်၌ တောမီးလောင်မှုကို မထိန်းချုပ်နိုင်ဘဲ ကျေးရွာများဆီသို့ လျင်မြန်စွာ ကူးစက်လောင်ခဲ့သဖြင့် ဘေးကင်းရာသို့ ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ရသည်။ ကာရာဘတ်ခ်ပြည်နယ်၌ ဇူလိုင် ၂၄ ရက်က စတင်လောင်သည့် တောမီးကို မငြိမ်းသတ်နိုင်သေးသဖြင့် ကျေးရွာပေါင်း ၂၀ ခန့်မှာ ကြိုတင်ကာကွယ်သည့် အနေဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် နှိုးဆော်ထားသည်။

တူကီယဲ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီး အီဘရာဟင် ယူမက်ခ်လီက သစ်တောမီးလောင်မှု ၂၈ ခုနှင့် ကျေးလက်ဒေသမီးလောင်မှု ၄၈ ခု အပါအဝင် နိုင်ငံတစ်ဝန်း မီးလောင်မှုပေါင်း ၇၆ ခုရှိကြောင်း ဇူလိုင် ၂၆ ရက်က အတည်ပြုပြောကြားသည်။

ဇူလိုင် ၂၆ ရက်က ဘာဆာ၌ အပူချိန် ၃၈ ဒီဂရီဆဲလ်စီးယပ်နှင့် ကာရာဘတ်ခ်၌ အပူချိန် ၃၇ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိလာပြီး လာမည့်နှစ်ရက်ကျော်အတွင်း အပူချိန်များ မြင့်မားလာမည်ဟု ခန့်မှန်းထားသည်။

**ဆင်ဟွာ**



# ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့ အပစ်အခတ်ရပ်စဲရေး ကုလအကြီးအကဲတိုက်တွန်း

**ဝါရှင်တန် ဇူလိုင် ၂၇**

ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က ဇူလိုင် ၂၆ ရက်တွင် တိုက်တွန်းလိုက်သည်။

နှစ်ဖက်စလုံးက အပစ်အခတ်ရပ်စဲရေး ချက်ချင်းပြုလုပ်ပြီး ဆွေးနွေးညှိနှိုင်းမှုဖြင့် ပြဿနာကို ဖြေရှင်းရန် ဂူတာရပ်စ်က တိုက်တွန်းခဲ့သည်ဟု ကုလသမဂ္ဂအကြီးအကဲ၏ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇွန် ၂၄ ရက်မှစတင်၍ ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံနှစ်နိုင်ငံနယ်စပ်တွင် ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းအပေါ် အလွန်စိုးရိမ်မိကြောင်း ဂူတာရပ်စ်က ပြောကြားပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း ကမ္ဘောဒီးယားနှင့် ထိုင်းခေါင်းဆောင်များထံ နှစ်နိုင်ငံအပစ်အခတ်ရပ်စဲရေး မေတ္တာရပ်ခံခဲ့သည်ဟု ၎င်း၏ ဆိုရှယ်မီဒီယာပေါ်တွင် ရေးသားခဲ့သည်။ ထိုင်းနှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံစလုံးအနေဖြင့် ချက်ချင်းအပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးကို ဆောင်ရွက်ကြရန် ထရမ့်က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ ခရီးသည်တင်ဘတ်စ်ကားတစ်စီး တိမ်းမှောက် ရှစ်ဦးသေဆုံး၊ ၁၈ ဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၇**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ ဇူလိုင် ၂၇ ရက်အစောပိုင်းက အမြန်လမ်းမကြီး၌ ခရီးသည်တင်ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားသဖြင့် ရှစ်ဦးထက်မနည်းသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

ယာဉ်ပေါ်တွင် ခရီးသည် ၄၀ လိုက်ပါသည့် အစ္စလာမ္မာဘတ်မြို့မှ လာဟိုးသို့သွားသည့် ခရီးသည်တင်ဘတ်စ်ကားတစ်စီးသည် ရှေ့ဘယ်ဘက်တာယာကွဲသွားသဖြင့် ယာဉ်မောင်းမှာ အရှိန်မထိန်းနိုင်ခဲ့ကြောင်း Rescue 1122 မှ ပြည်သူ့သတင်းအချက်အလက် အရာရှိချုပ် ဒီးဘာရှ့ဟ်နက်ဇ်က ဆင်ဟွာသို့ ပြောကြားသည်။

ယာဉ်မတော်တဆမှုကြောင့် အခင်းဖြစ်ပွားရာနေရာတွင် ခြောက်ဦး သေဆုံးပြီး အခြားနှစ်ဦးမှာ ဒဏ်ရာများဖြင့် ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။ ကယ်ဆယ်ရေးအဖွဲ့များနှင့် အမြန်လမ်းတာဝန်ရှိသူများသည် အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိခဲ့သည်။ ဒဏ်ရာရရှိသူများအနက် ခုနစ်ဦးမှာ စိုးရိမ်ရကာ ဒေသဆိုင်ရာဆေးရုံသို့ ပို့ဆောင်ထားကြောင်း အာဏာပိုင်များက ပြောကြားသည်။ **ဆင်ဟွာ**



# တရုတ်နိုင်ငံက ဂြိုဟ်ပတ်လမ်းအတွင်းသို့ အင်တာနက်ဂြိုဟ်တုအုပ်စုတစ်စုကို လွှတ်တင်

**ထိုက်ယွမ် ဇူလိုင် ၂၇**

တရုတ်နိုင်ငံသည် နိုင်ငံမြောက်ပိုင်း ရှန်းရှီးပြည်နယ် ထိုက်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ဂြိုဟ်ပတ်လမ်းအတွင်းသို့ အင်တာနက်ဂြိုဟ်တုအုပ်စု တစ်စုကို ဇူလိုင် ၂၇ ရက်တွင် အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုအုပ်စုကို လောင်းမာ့ချ်-၆ သယ်ဆောင်ရေးဒုံးပျံဖြင့် ပေကျင်းစံတော်ချိန် ညနေ ၆ နာရီ ၀၃ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကာ စီစဉ်သတ်မှတ်ထားသော ဂြိုဟ်ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုလွှတ်တင်မှုသည် လောင်းမာ့ချ်သယ်ဆောင်ရေးဒုံးပျံများ၏ (၅၈၅) ကြိမ်မြောက် လွှတ်တင်မှုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## မုံရွာမြို့၌ တိုင်းဒေသကြီး ဝန်ထမ်းပေါင်းစုံ သမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ



**မုံရွာ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက် ၂၀၂၃-၂၀၂၄၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၄ ရက်က တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းဥက္ကဋ္ဌ ဒေါ်မူမူဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ဆက်လက်ပြီး အသင်းဒုတိယဥက္ကဋ္ဌ ဦးမြင့်အောင်က ၂၀၂၃-၂၀၂၄၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဘဏ္ဍာရေးလက်ကျန်ရှင်းတမ်း ဖတ်ကြားခြင်း၊ အသင်းသားများက အကြံပြုဆွေးနွေးတင်ပြခြင်းနှင့် ဆွေးနွေးတင်ပြချက်များအပေါ် အသင်းအမှုဆောင် အဖွဲ့တာဝန်ရှိသူများက ပြန်လည်ဖြည့်စွက် ရှင်းလင်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အသင်းသားများ၏ စုဆောင်းငွေပေါ်အတိုးအား ခြောက်လတစ်ကြိမ်ဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ငွေကျပ် ၂၆ ဒသမ ၃၁ သိန်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ငွေကျပ် ၁၁၂ ဒသမ ၁၂ သိန်း ထုတ်ပေးနိုင်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## မိုးသည်းထန်၊ လေပြင်းတိုက်ခတ်မှုကြောင့် လဲကျပျက်စီးသွားသည့် ဓာတ်အားလိုင်းတိုင်များ အမြန်ဆုံးပြန်လည်တည်ဆောက်

**ရန်ကုန် ဇူလိုင် ၂၇**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် ဦးကျော်သူသည် ဇူလိုင်၂၄ ရက်က ဒလမြို့နယ်နှင့် တွံတေးမြို့နယ်များသို့ သွားရောက်၍ ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်း တိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ လဲကျ၍ ကျိုးကျပျက်စီးသွားခဲ့သော ဓာတ်အားလိုင်းတိုင်များ ပြန်လည် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးစဉ် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အလေးထား ဆောင်ရွက်ရန်နှင့် ဓာတ်အားအမြန်ပြန်လည် ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ရန်တို့ကို မှာကြားသည်။ ထို့နောက် လုပ်ငန်းလိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ခြင်းနှင့် အမြန်ဆုံး ပြန်လည် တည်ဆောက်ခြင်းတို့ကြောင့် ယင်းနေ့ ည ၁၀ နာရီခန့်တွင် ဓာတ်အားပုံမှန်ပြန်လည် ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**

# မြို့နယ်အသီးသီး၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား UID ကတ်များထုတ်ပေး

### သဃ်္ဃန်းကျွန်း

သဃ်္ဃန်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ဇူလိုင် ၂၅ရက်က မြန်မာ့စီးပွားရေးဘဏ်(သဃ်္ဃန်းကျွန်း)တွင် နိုင်ငံ့ဝန်ထမ်း(ငြိမ်း) ပင်စင်စားများအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်း၊ Smart Card များ ပြုလုပ်ခြင်းကို အခမဲ့ဆောင်ရွက်ပေးသည်။

အဆိုပါဆောင်ရွက်မှုအား ခရိုင်ဦးစီးမှူး ဦးကျော်မင်း အနီးကပ်ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိပြီး အငြိမ်းစားများ သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်ဦးစီးမှူးက ရှင်းလင်းပြောကြားသည်။

**ဇော်မိုး(သဃ်္ဃန်းကျွန်း)**



### တံတားဦး

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား UID ကတ်များကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တံတားဦးမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးတင်စိုးနှင့် ဝန်ထမ်းများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်းတို့ ပြုလုပ်ပေးခဲ့ပြီး UID ကတ်များ လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ရဲတင့် (ပြန်/ဆက်)**





### မြောက်ဥက္ကလာပ

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ UID နံပါတ်များ ထုတ်ပေးရေး အထူးဦးစားပေး အစီအစဉ်အဖြစ် ဇူလိုင် ၂၅ ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာများ လာရောက်ထုတ်နှံကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအားUID နံပါတ်များ ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး မြို့နယ်အတွင်း နိုင်ငံ့ဝန်ထမ်း အငြိမ်းစားဝန်ထမ်း ၁၉၀၀၀ ကျော်ရှိရာ ဇူလိုင် ၂၃ ရက်မှ စတင်၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**



### မော်လမြိုင်ကျွန်း

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား UID နံပါတ်ထုတ်ပေးရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇူလိုင် ၂၅ ရက်က မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနမှ တာဝန်ရှိသူများသည် မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား)များအတွက် UID နံပါတ်များ ထုတ်ပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန ဦးစီးအရာရှိ ဦးစောဝဏ္ဏတို့က ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **ရဲကိုမောင် (ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၌ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ဦးစီးမှူး ဦးမင်းသူ၏ ကြီးကြပ်မှုဖြင့် လက်ထောက်မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်နှင့် ဝန်ထမ်းများက ဇူလိုင် ၂၅ ရက်တွင် ဇီဝဆိုင်ရာအချက်အလက် (Biometric Data) ကောက်ယူ၍ QR Code၊ UID ကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးစဉ်။ ကျော်ဆန်း(ပြန်/ဆက်)



### ကဝ

ကဝမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID စနစ်ဖြင့် Smart Card များ ဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းမှစတင်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကဝမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝင်းဆန်း၊ ဒုလဝကမှူး ဦးထူးအောင်ခိုင်နှင့် လ/ထလဝကမှူး ဦးဝေဖြိုးတို့က ဦးဆောင်၍ Biometric (UID)စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဇူလိုင် ၂၁ ရက်မှ ၂၈ ရက်အထိ မြန်မာ့စီးပွားရေးဘဏ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**



မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade - 4 (Unit-4)

### Section (A) Listening

I. Listen carefully to the teacher and write True or False. (2 marks)

| Example - 1. Water | (1) True |
|---|---|

1. Birthday (1) .............
2. April (2) .............
3. Thingyan (3) .............
4. Friends (4) .............
5. Guitar (5) .............
6. Ice cream (6) .............

### Section (B) Reading

II. Fill in each blank with 'a' or 'an'. (2 marks)

1. Wenlong has ......... dog. (1) .............
2. My father has ......... car. (2) .............
3. The boy is eating ......... apple. (3) .............
4. My father is sitting on ......... chair. (4) .............
5. My mother is cutting ......... onion. (5) .............
6. Siti is holding ......... umbrella. (6) .............
7. Miss Lin is ......... teacher. (7) .............

### Section (C) Writing

III. Supply the correct form of the verb given in brackets. (2 marks)

1. We ......... (**light**) candles in the streets and houses.
2. Thadingyut ......... (**fall**) on the Full Moon day.
3. We ......... (**have**) nice food and play games.
4. People ......... (**pay**) homage to parents and teachers.
5. Many families ......... (**celebrate**) Thadingyut with joy.
6. Children ......... (**play**) games during the festival.
7. We ......... (**see**) beautiful lights everywhere.
8. People ......... (**visit**) their parents and grandparents.
9. We ......... (**enjoy**) eating traditional food.
10. During Thingyan, we ......... (**douse**) each other with water.

**Answer Keys**

I. 1. True 2. True 3. False 4. False 5. True 6. True
II. 1. a 2.a 3. an 4. a 5. an 6. an 7. a
III. 1. light 2. falls 3. have 4. pay 5. celebrate 6. play 7. see 8. visit 9. enjoy 10. douse

## Grade-5 (Unit-4)

### Section (A) Listening

I. Listen carefully to the teacher and match the phrases from column A and column B to make sentences. (5 marks)

| Column A | Column B |
|---|---|
| (1) No talking in the library | (a) other customers don't like it. |
| (2) No swimming in the river | (b) put your rubbish in the dustbin. |
| (3) No running in the corridors | (c) it's a bad habit. |
| (4) No smoking in the restaurant | (d) other students are reading |
| (5) No spitting on the floor or walls. | (e) it is the dangerous. |
| (6) No littering in the street. | (f) you will hurt someone. |

### Section (B) Reading

II. Read the following dialogue and fill in the blanks with the suitable words given below. (10 marks)

| | | | | |
|---|---|---|---|---|
| do | park | he | doctor | feeling |
| medicine | say | him | got | good |

Nay Toe : What did you ....... (1) ....... yesterday?
Ko Lay : I went to the ....... (2) ....... with my friends. Then, we played football.
Nay Toe : Did you see Bo Bo there?
Ko Lay : No, I didn't see. He didn't come.
Nay Toe : Did you call ....... (3) .......?
Ko Lay : Yes, I did when I got back home.
Nay Toe : What did he ....... (4) .......?
Ko Lay : He said he ate some bad food and ....... (5) ....... a stomachache.
Nay Toe : Did he go to the ....... (6) .......?
Ko Lay : Yes, ....... (7) ....... did.
Nay Toe : Did the doctor give him any ....... (8) .......?
Ko Lay : Yes, he did and now he is ....... (9) ....... better.
Nay Toe : That's ....... (10) ........

### Section (C) Writing

III. Fill in the blanks with a suitable word form. (5 marks)

1. The students were very (**noise**) ......... during class.
2. You must listen to the teacher (**careful**) .........
3. There was a (**fight**) ......... in the playground.
4. Please use (**kind**) ......... words with your classmates.
5. The principal spoke to the (**study**) .........about the rules.
6. She had her lunch in the (**library**) .........
7. Some students shouted and (**laugh**) ......... loudly.

### Section (D) Speaking

IV. Answer the questions correctly asked by the teacher. (10 marks)

1. What is the name of your village? (1) .............
2. Where is your village? (2) .............
3. Who lives in your village? (3) .............
4. What do the farmers grow? (4) .............
5. Is your village noisy or peaceful? (5) .............
6. What places are in your village? (6) .............
7. How do children go to school? (7) .............
8. What do people do in the evening? (8) .............
9. What is the weather like? (9) .............
10. Why do you love your village? (10) .............

**Answer Keys**

I. 1. (d) 2. (e) 3. (f) 4. (a) 5. (c) 6. (b)
II. 1. do 2. park 3. him 4. say 5. got 6. doctor 7. he 8. medicine 9. feeling 10. good
III. 1. noisy 2. carefully 3. fight 4. kind 5. principal 6. library 7. laughed
IV. 1. The name of my village is Shwe Taung.
2. My village is in the countryside of Myanmar.
3. Many farmers live in my village.
4. The farmers grow rice, corn, and vegetables.
5. My village is peaceful.
6. There is a school, a clinic, and a market in my village.
7. Children go to school by walking.
8. People sit outside and talk in the evening.
9. The weather is hot in summer and cool in winter.
10. I love my village because the people are kind and the place is beautiful.

## Grade-6 (Unit-4)

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. My name is T.........
2. I live in Y.........
3. I am e......... years old.
4. I am studying in G......... 6.
5. My father's name is U K.........
6. My mother is D.........
7. My younger brother is K.........
8. He is in G......... 4.
9. My g........., Daw Mya Mya, lives with us.
10. My grandmother is my mother's m.........

**Answer Keys**

I. 1. Thura 2. Yangon 3. eleven 4. Grade 6 5. Kyaw Win 6. Khin Ma Ma 7. Kyaw Swa 8. Grade 4 9. grandmother 10. mother

## Grade-7 (Unit-4)

I. Supply the correct form of words to complete the sentences. (10 marks)

1. The train journey was a very ......... (**enjoy**) experience.
2. Some people go on holiday for ......... (**relax**).
3. The green fields and mountain ranges were very ......... (**scene**).
4. Our ......... (**travel**) were kind and helpful.
5. We stayed in a ........ (**comfort**) hotel in the city centre.
6. The view from the hill was ......... (**breathe**).
7. The rooms were clean and the ......... (**serve**) was good.
8. I had never seen such a .......... (**wonder**) view of Mandalay.
9. I bought some ......... (**souvenir**) as gifts for my friends.
10. The ........(**historic**) of the Mandalay palace is amazing.

**Answer Keys**

I. 1. enjoyable 2. relaxation 3. scenic 4. travellers 5. comfortable 6. breathtaking 7. service 8. wonderful 9. souvenirs 10. history

## Grade-8 (Unit-4)

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. Myanmar is rich in natural r.........
2. Myanmar rubies and jades are the world's f......... gems.
3. The Myanmar people are known for their f......... and h.........
4. Visitors are often amazed by their k.........
5. The most s......... thing you will notice is the smiles on their faces.
6. The people are said to be the f......... and the most h......... in the world.
7. There are many i......... places to visit in Myanmar.
8. Inlay Lake is the place where you can see l......... r.........
9. Mt Hkakabo Razi is the h......... mountain in Myanmar.
10. Its a......... is 18,839 feet.
11. The Ayeyarwady River is the l......... river in Myanmar.
12. The river is known as the l......... of the country.

**Answer Keys**

I. 1. resources 2. finest 3. friendliness, hospitality 4. kindness 5. significant 6. friendliest, helpful 7. interesting 8. leg-rowers 9. highest 10. altitude 11. longest 12. lifeblood

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (**English for Students Supplement Editorial Group**) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# ပြည်မြို့၌ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



**ပြည် ဇူလိုင် ၂၇**

ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ၂၀၂၅ ခုနှစ် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်"ကို ဇူလိုင် ၂၅ ရက်က ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်ဦးနှင့်အတူ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) တိုင်းခွဲပညာရေးမှူး ဒေါက်တာချစ်ကိုကိုတို့က ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီနာယက၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ဟောပြောမည့်စာရေးဆရာများ၊ စာအုပ်အလှူရှင်များအား မှတ်တမ်းနှင့် လက်ဆောင်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပွဲတော်ပြခန်းများ၊ စာကြည့်တိုက်နှင့် ပြိုင်ပွဲဝင်ကျောင်းသားများအား ကြည့်ရှုအားပေးကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

# ခရမ်းမြို့နယ်၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ဆွေးနွေးညှိနှိုင်း



**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ဇူလိုင် ၂၅ရက်က ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာထွန်းမင်းသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ကံကောင်းနှင့်အတူ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးညှိနှိုင်းသည်။

ထို့နောက် တာဝန်ရှိသူများက ခရမ်းမြို့ အမှတ်(၂)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးအေးမိုးနှင့် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက်က အမှတ်(၁၁)နှင့်(၉)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ကြီးကြပ်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မိခင်နှင့်ကလေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များ၊ ပရဟိတအသင်းများ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**





# သဇင်ရောင်းဝယ်ရေးသမအသင်း နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ သဇင်ရောင်းဝယ်ရေးသမဝါယမအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၅ ရက်က အဆိုပါရုံး၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးရဲညွန့်နှင့် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်မာချိုတို့က အမှာစကားပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့က အသင်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းသည်။ ထို့နောက် အသင်းသား ၂၉၆ ဦးအတွက် အကျိုးအမြတ်ဝေစုများ ထုတ်ပေးကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**

# ကော့မှူးမြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြော

**ကော့မှူး ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၄ ရက်က ကျိုက်ထော်(တောင်)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက ကျင်းပရခြင်းရည်ရွယ်ချက်ကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးစိုင်းထွန်းရွှေနှင့် ကျိုက်ထော်နယ်မြေရဲစခန်းမှူး ရဲအုပ်မင်းမင်းလတ်တို့က လူကုန်ကူးမှုဆိုင်ရာအကြောင်းအရာများနှင့် ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များကို ဟောပြောပြီး လူရည်ချွန် ကျောင်းသားမောင်ဟိန်းထွဏ်းဇော်အား ဂုဏ်ပြုဆုများ ပေးအပ်ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**



# မအူပင်တက္ကသိုလ်၌ ကြက်တောင်နှင့် ကိုယ်ကာယကြံ့ခိုင်မှုသင်တန်းဆင်း

**မအူပင် ဇူလိုင် ၂၇**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မအူပင်တက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ၊ အခြေခံ Aerobic နှင့် Fitness Dance သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက်က မအူပင်တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်တက္ကသိုလ် ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာနီနီဦးက အမှာစကားပြောကြားပြီး အားကစားနည်းပြများနှင့် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ်ဆရာမကြီးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဆရာ ဆရာမများက ဆုများ ချီးမြှင့်ပေးအပ်ကြသည်။ **အောင်မြင့်မြတ် (ပြန်/ဆက်)**



# နည်းပညာတက္ကသိုလ်(မှော်ဘီ)၌ လူကုန်ကူးမှု၊ ယာဉ်စည်းကမ်းနှင့်လမ်းစည်းကမ်းဆိုင်ရာဟောပြော

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(မှော်ဘီ) ဘွဲ့နှင်းသဘင်ခန်းမ၌ ဇူလိုင် ၂၅ ရက်က လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ၊ ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကိုကျင်းပရာ မြို့နယ်လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့မှ ဒုတိယရဲမှူးဝေလွင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆၄)မှ ဒုတိယရဲမှူးအောင်ဇော်တို့က ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောသည်။

အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၇၀ တက်ရောက်ကြသည်။

**ဝင်းဇော် (ပြန်/ဆက်)**



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။



## ပဲခူးမြို့မှ အထူးကုဆရာဝန်ကြီးများ ဝေါမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

ဝေါ ဇူလိုင် ၂၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ပဲခူးမြို့ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက ဝေါမြို့နယ် မြစ်ကျိုးတိုက်နယ်ဆေးရုံသို့သွားရောက်၍ ရဟန်း၊ ရှင်၊ လူပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆေးကုသမှုပြုလုပ်ရာသို့ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာခင်စန်းမြင့်၊ ပဲခူးမြို့ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြတ်စိုး၊ ဝေါမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ သီဟထွန်းနှင့် မြို့နယ်ကုသရေးဦးစီးမှူး ဒေါက်တာဇော်ဝင်းနိုင်တို့က လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ မြစ်ကျိုးတိုက်နယ်ဆေးရုံနယ်မြေအတွင်းရှိ ကျေးရွာများမှ ရဟန်း၊ ရှင်၊ ပြည်သူ စုစုပေါင်း ၄၆၁ ဦးအား ဆေးကုသမှုပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သက်ထက်**



## မိုင်းပန်မြို့နယ်၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး

မိုင်းပန် ဇူလိုင် ၂၇

မိုင်းပန်မြို့နယ်၌ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို (၃)မိုင်ကျေးရွာ၌ ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူများနှင့် စုစုပေါင်းအင်အား ၁၈၅ ဦးဖြင့် (၃)မိုင်ကျေးရွာ၌ ကျွန်းပင် ၆၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၅ ရက်က မင်းရပ်ရပ်ကွက်၊ နယ်မြေ (၉)နေ ဦးတင်ဦး မီးရထားအငြိမ်းစား နေအိမ်သို့သွားရောက်၍ Biometric Data အချက်အလက်ကောက်ယူမှုများ ဆောင်ရွက်ပေးစဉ်။ **အောင်ဆင့်**

## မင်းဘူး(စကု)မြို့နယ်၌ အသားတိုးဝက် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း

မင်းဘူး ဇူလိုင် ၂၇



မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်၌ ဒေသတွင်း မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ အသားတိုးဝက် မွေးမြူရေးခြံလုပ်ငန်းသုံးခုကို အကောင်အထည်ဖော် ဆောင်ရွက်ထားရှိရာ အဆိုပါ မွေးမြူရေးခြံလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ပိုက်သင်ကျေးရွာသို့ သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မင်းဘူး(စကု) မြို့နယ် ပိုက်သင်ကျေးရွာ၊ ကွင်းအမှတ် (၁၄၂၈)ရှိ ယာမြေ၌ ခြံပိုင်ရှင် ဦးမြတ်လင်းဦး၏ မွေးမြူရေးခြံလုပ်ငန်းခွင်သို့ သွားရောက်၍ မွေးမြူရေးခြံအတွင်း ၌ စီးပွားဖြစ် အသားတိုးဝက် အကောင်ရေ ၁၂၀ မွေးမြူထားရှိမှု၊ အသားတိုးဝက်မျိုးခြံ၌ ဝက်အကောင်ရေ ၄၈ ကောင် မွေးမြူ၍ သားဖောက်ခြင်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှု၊ အသားတိုးကြက်ခြံ၌ ကြက်သားပေါက် အကောင်ရေ ၂၅၀၀ ကို အနွေးဓာတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဒေသရင်းမျိုးစိတ် (ဒေသကြက်) အကောင်ရေ ၇၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးခြံ လုပ်ငန်းပိုင်ရှင်ထံ ခြံသုံးဆေးနှင့် အကျိုးပြုအဏုဇီဝ ဖျော်ရည်ဆေးများ ပေးအပ်ခဲ့သည်။ **မောင်မောင်(မင်းဘူး)**

## လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၇



ဇမ္ဗူသီရိမြို့နယ် အလျှင်လိုကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ဇူလိုင် ၂၅ ရက်တွင် ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့မှ ဒေသခံပြည်သူများအား နေပြည်တော်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျွမ်းကျင်ပညာရှင်များက ဆေးကုသပေးမှုကို နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လိုက်လံအားပေး၍ ဆေးကုသမှုခံယူသော ဒေသခံပြည်သူများအား အာဟာရ အစားအစာများနှင့် ဆေးရည်စိမ်ခြင်ထောင်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင်က လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်း မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က လယ်ဝေးမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများစုပေါင်း၍ ရပ်ကွက်များ၊ ကျေးရွာများအလိုက် မိမိအိမ်ရှေ့လမ်းများ၊ ခြံဝင်းအတွင်းရှိ အမှိုက်များ၊ ချုံများရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် အမှိုက်များရှင်းလင်းရှင်း၊ ဖယ်ရှားခြင်း၊ ရေဝပ်နေရာများမရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID နံပါတ်ထုတ်ပေးပြီးဖြစ်

ပခုက္ကူ ဇူလိုင် ၂၇



ပခုက္ကူမြို့နယ်၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစား ၅၁၂ ဦးတို့အား ပင်စင်လစာများ ထုတ်ပေးရာတွင် အဆင်ပြေစေရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ Unique Identity (UID) နံပါတ်များ ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပခုက္ကူမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးရဲအောင်နှင့်ဝန်ထမ်းများက Unique Identity (UID) စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား လိုအပ်သည့် ကိုယ်ရေးအချက်အလက် ထည့်သွင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၂ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၆ ရက်အထိ အမျိုးသား ၂၀၆ ဦး၊ အမျိုးသမီး ၃၀၆ ဦး စုစုပေါင်း ၅၁၂ ဦးတို့အား ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

## ကလောမြို့၌ ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

ကလော ဇူလိုင် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့ မြို့လယ်ဓမ္မာရုံ၌ ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီခွဲက သမာဓိအကျိုးဆောင် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း



(လီမိတက်)မှ ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ကျင်းပသည်။

ဦးစွာ သမာဓိအကျိုးဆောင် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း (လီမိတက်) သဘာပတိ ဥက္ကဋ္ဌ ဦးထွန်းဝေက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီအောင်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးခင်ထွန်းတို့က အသင်း၏လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် သဘာပတိ အသင်းဥက္ကဋ္ဌ ဦးထွန်းဝေက အသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ စာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး စာရင်းရှင်းတမ်းတို့အပေါ် အသင်းသားများ၏ ဆန္ဒသဘောထားရယူ၍ အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။ **ကျော်ဝင်း(ကလော)**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား/အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အမည်ပြောင်း

နေပြည်တော်ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကောင်းလျှံကိုယ်ပိုင်မူလတန်းကျောင်းတွင် Grade 3 အောင်မြင်ခဲ့ပြီး ယခုရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် BEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade 4 တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော မောင်ထက်ဘုန်းလျှံဝင်း (ဘ) ဦးနိုင်လင်းဝင်း အား မောင်ထက်ဘုန်းလျှံလင်း ဟုခေါ်ဆိုပါရန် ကြေညာအပ်ပါသည်။

**မောင်ထက်ဘုန်းလျှံလင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက-၄မှ အထက်တန်းပြ ဒေါ်စန္ဒာအောင် ၅/ရဥန(နိုင်)၀၀၃၂၁၁၏ဖခင်အမည် ဦးဌေးမောင် (ခ) ဦးသန်းအောင်ဌေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ကျောက်ဆည်မြို့နယ်၊ အမက-ငါးအိုးကျောင်းတွင် မှူးအုပ်တာဝန်ထမ်းဆောင်နေသော ဒေါ်စန်းစန်းဌေး၏ တက္ကသိုလ်ဝင်တန်းနှင့် မှတ်ပုံတင်တွင်ပါရှိသော ၂၃-၄-၁၉၆၈နှင့် အမှုထမ်းစာအုပ်တွင်ပါရှိသော ၂၀-၄-၁၉၆၈ ကွဲပြားသော်လည်း မွေးသက္ကရာဇ်အမှန်မှာ ၂၃-၄-၁၉၆၈ဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းဌေး**
**၉/ကဆန(နိုင်)၀၁၅၅၄၀**

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ ရပ်ကွက်(၂)၊ ရွှေမေတ္တာလမ်းနေ ဒေါ်စုသက်မွန် ၅/ကသန(နိုင်)၀၀၆၀၀၀(ဘ)ဦးကျော်မင်း နှင့် မန္တလေးတိုင်းဒေသကြီး ၊ ပုသိမ်ကြီးမြို့နယ် ဒေါ်ခိုင်သဥ္ဇာထက် ၉/ပသက(နိုင်)၁၃၅၇၀၁(ဘ)ဦးကျော်မင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသော အမွေရှင်များဖြစ်ကြသည့် ဦးကြည်အေးနှင့် ဒေါ်ခင်ကြည်တို့ ကွယ်လွန်ပြီးဖြစ်ရာ အမွေအဖြစ် ပဲခူးတိုင်းဒေသကြီး ၊ ဒိုက်ဦးမြို့၊ အမှတ်(၂) ရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ ဝိဇ္ဇာမုန့်ဟင်းခါးဖိုဘေးရှိ ဒေါ်ခင်ကြည်အမည်ပေါက် မြေကွက်နှင့် အဆောက်အအုံတို့ ကျန်ရှိခဲ့ပါသည်။

အဆိုပါ အမွေဆိုင်ပစ္စည်းနှင့်ပတ်သက်၍ အမွေသက်ဆိုင်သူများကို အသိမပေးဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း ၊ စွန့်လွှတ်လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ ကျူးကျော်နေထိုင်ခြင်း၊ အမည်ပြောင်းလဲပြင်ဆင်ခြင်း၊ ဂရန်သက်တမ်းတိုးခြင်းများ မပြုလုပ်ရန်နှင့် ထိုသို့ ပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မီမီတင်အေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၄၀)**
**ရပ်ကွက်(၂)၊ ကသာမြို့၊ ဖုန်း-၀၉-၄၄၆၆၇၃၂၂၀၊ ၀၉-၇၉၉၉၆၁၈၅၄**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက (ဝမ်းတွင်း) Grade-12 မှ မသက်ဖူးဝေ ၉/ဝတန(နိုင်)၂၆၇၆၂၈ ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမျိုးသိန်း ၉/ဝတန(နိုင်)၁၄၇၆၃၁ ဖြစ်ပါကြောင်း။

**ဦးမျိုးမျိုးသိန်း**

## အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 မှ(ဘ) ဦးမင်းကိုကိုလွင် ၏ သမီးဖြစ်သူ မရွှန်းလဲ့လွင် အား ယနေ့မှစ၍ မရွှန်းလဲ့မေဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မရွှန်းလဲ့မေ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂.၆.၂၀၂၅ရက်ထုတ် သတင်းစာ စာမျက်နှာ(၂၆)တွင် ပါရှိသော ကန့်ကွက်နိုင်ကြောင်း အမည်ပေါက် ဦးကျော်လင်း ကြော်ငြာတွင် မြေကွက်အမှတ်(၁၇၉၄) ဧရိယာ ၀.၁၁၀ **အစား** ၀.၀၅၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၇-၂၀၂၅ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂) ယာဉ်အမှတ် AYY-46773 ၏ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ဦးမင်းပြည့်ဖြိုး ၁၄/ပသန(နိုင်) ၂၂၁၈၂၈ အစား ၁၄/ပတန(နိုင်)၂၂၁၈၂၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၇-၂၀၂၅ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၂) ယာဉ်အမှတ် AYY/18838 ၏ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ဦးသန်းထွန်းလင်း ၁၄/ပတန(နိုင်) ၂၀၆၀၀၀ အစား ၁၄/ပသန(နိုင်)၂၀၆၀၀၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အမက(၁၁)Grade-2မှ ဖခင် ဦးရဲလင်းအောင် ၁၂/သခန(နိုင်)၁၁၀၁၁၁ ၏သား မောင်သုတဝေလင်း အား မောင်သန့်ကိုဦး ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သန့်ကိုဦး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(လသယ-၁၆)၊ လူနေရပ်ကွက်အမှတ်(ကစင်)၊ ကမ်းပတ်တာလမ်း၊ မြေကွက်အမှတ်(၁၃၅)၊ (၄၅x၆၀)ပေ၊ (၀.၁၁၁မ၀၆၂)၊ (၂၇၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဦးမြင့်အောင် (၁၂/အစန(နိုင်)၀၄၈၀၀၉)မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန် မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးဝင်းထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းထူး LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)**
**ဦးဇော်မိုးလွင် LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)**
**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃, ၀၉-၂၅၆၂၈၆၃၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၁၄၅၂)၊ (၄၀x၆၀)ပေ (၀.၁၁၁မ၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဂိုထောင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ယမင်းကြူစိုး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းနှင့် အတူ အဆက်စပ်စာချုပ်စာတမ်းမူရင်းဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ချစ် (၁၂/သဃက(နိုင်)၁၈၅၈၁၀)မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ရွှေရောက်စီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းထူး LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)**
**ဦးဇော်မိုးလွင် LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)**
**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃, ၀၉-၂၅၆၂၈၆၃၉၁**

## ကန့်ကွက်နိုင်ပါကြောင်း

မြောင်းမြမြို့၊ အမှတ်(၂)ရပ်ကွက်၊ စမ်းချောင်းလမ်းမကြီး၊ အိမ်အမှတ်(၈၇)၊အကွက်အမှတ်(၃-ခ)၊ ကုန်းစွန်းရပ်ကွက်၊ ဦးပိုင်အမှတ် ( ဃ/၂၉ )၊ဧရိယာ ၀.၁၁၁ဧကရှိ ဘိုးဘပိုင်မြေသည် ဦးဝင်းဇော်အမည်ဖြင့် အမည်ပေါက်လျက်ရှိသော မြေဖြစ်ပါသည်။ အမည်ပေါက်သူ ဦးဝင်းဇော်မှာ ကျွန်မ၏ ဦးလေးအရင်းတော်စပ်ပြီး ဦးလေးဖြစ်သူ ဦးဝင်းဇော်မှာ လူပျိုကြီးဘဝဖြင့် ၂၃-၁၂-၂၀၂၄ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်ပါသည်။ ဦးလေးဖြစ်သူ ဦးဝင်းဇော်မှာ ကျွန်မအား မြောင်းမြမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၁၈/၂၀၁၇ အရ အမွေစားအမွေခံကိတ္တိမသမီးအဖြစ်မွေးစားခဲ့ပါသည်။ မွေးစားဖခင် ဦးဝင်းဇော်ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျန်ရှိသည့် မွေးစားသမီးဖြစ်သူ ကျွန်မဒေါ်စုဝါဖြိုး ၁၄/မမန(နိုင်)၂၄၂၄၂၄ သာလျှင် လက်ရှိထားနေထိုင်ကာ ဆက်ခံအကျိုးခံစားလာခဲ့ရာ ယနေ့အထိပင်ဖြစ်ပါသည်။ ယခုအထက်ပါမြေအား မွေးစားဖခင် ဦးဝင်းဇော်အမည်မှ ကျွန်မ ဒေါ်စုဝါဖြိုး အမည်သို့ ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း အထောက်အထား အစုံအလင်ဖြင့် ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်စုဝါဖြိုး**
**ဖုန်း-၀၉- ၄၅၆၁၄၉၂၀၆**

## အမည်ပြောင်း

ပခုက္ကူမြို့၊ အလက(၃) ကျောင်းမှ Grade-8 ကျောင်းသူ မသင်းရတီစံ ကို မသင်းကဗျာဟန် ဟု ပြောင်းလဲခေါ်ဆိုရန်နှင့် Grade-3 ကျောင်းသား မောင်ဟိန်းသူရစံ ကို မောင်သားထက်အောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၁၇)၊ ဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်ခင်မမထွန်း အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၁၈/၂၀၂၃)ဖြင့်လွှဲအပ်ခြင်းခံရသူ ဦးစိုးထိုက် ၉/ပမန(နိုင်)၁၆၂၀၇၈ မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်ခင်ဥမ္မာဝင်း ၈/မကန(နိုင်) ၁၁၄၁၅၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/23790, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးထွေး ၉/ပသက(နိုင်)၀၈၆၀၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၃၆၀၅၀, TVS Wego 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းငြိမ်းဖြိုး ၉/အမဇ(နိုင်)၀၅၉၈၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/4130, Sojen ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းစိုး ၉/ရမသ(နိုင်)၁၃၂၃၄၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/73103, Honda Click 160 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရဇော် ၁၄/ညတန(နိုင်)၁၀၁၀၆၄ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6S/1625 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 52W/26219 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/88726, Honda Scoopyi-110, m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်နွယ် ၁/ဗမန(နိုင်)၀၇၂၄၆၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/16626, Zong Shen-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရကျော် ၉/ခမစ(နိုင်)၁၀၂၀၀၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/68108, Kenbo-110,M/C ယာဉ်လက်ဝယ်ရှိသူ Lucky Thukha Co.,ltd က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/24788, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထိုက်လင်း ၁၄/ပတန(နိုင်)၂၀၂၉၂၂ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/87737, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမာ ၉/မနတ(နိုင်) ၁၀၂၅၀၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/74380, Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကောင်း ၈/ပမန(နိုင်) ၀၁၀၅၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၊ သုံးဆယ့်ခြောက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃၂-က/သုံးဆယ့်ခြောက်N)၊ ဦးပိုင်အမှတ်(၄/၁၁၉)၊ မြေကွက်အမှတ်(၆)၊ မြေဧရိယာ (၀.၁၁မ၆၀) ဧကရှိ မြေအား ဦးအောင်ကျော်မြင့် အမည်ဖြင့် စက်သုံးဆီအရောင်းဆိုင်အသုံးပြု ရန်အတွက် မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားမှုအရလည်းကောင်း၊ သုံးဆယ့်ခြောက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃၂-က/သုံးဆယ့်ခြောက်N)၊ ဦးပိုင်အမှတ်(၃၇/၁၃၅)၊ မြေကွက်အမှတ်(၃၇)၊ မြေဧရိယာ (၀.၁၁မ၉၂) ဧကရှိ မြေအား ဦးအောင်ကျော်မြင့်အမည်ဖြင့် လူနေထိုင်ရန်အတွက် မြေငှားဂရန် (အသစ်) ချထားပေးပါရန် စာချုပ်စာတမ်းအထောက်အထားများဖြင့် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ချောက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်မှုမရှိပါက လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ချောက်ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/25267, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေဖြိုးအောင် ၉/ခမစ(နိုင်) ၀၅၀၉၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/77723, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင် (ခ)ရှောင်ကတ် ၉/မရမ(နိုင်) ၀၅၇၅၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
